# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်၊ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်၊ စနေနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၀)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း သုဝဏ္ဏသာမဇာတ်တော်ကြီးပြိုင်ပွဲ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၁၉**

အမိအဖတို့ကို လုပ်ကျွေးသော သားသမီးများကို လူများ၊ နတ်များ၊ ချစ်ခင်နှစ်သက်ကြခြင်း၊ မေတ္တာစိတ်သည် အန္တရာယ်ကင်း၍ တိရစ္ဆာန်များ၏ ချစ်ခင်စောင့်ရှောက်မှုကိုပင် ရရှိနိုင်ခြင်း၊ မှန်ကန်သောသစ္စာတရားများကြောင့် သေဘေးမှ လွတ်ကင်းကာ ချမ်းသာမှုကို ရရှိခြင်း၊ ရသတဏှာနောက် လိုက်မိပါက ကြီးစွာသော စိတ်ဒုက္ခနှင့် ရင်ဆိုင်ရတတ်ခြင်း၊ ဝန်ခံတတ်သည့် သူတော်ကောင်းအကျင့်သည် အမှန်ဘဝရောက်၍ တည်ငြိမ်အေးချမ်းသည့် သုခများသာ ရရှိခြင်းဆိုသည့် အနှစ်သာရများဖြင့် ယှဉ်ပြိုင်ကပြ ဖျော်ဖြေတင်ဆက်သည့်

စာမျက်နှာ ၃ ကော်လံ ၁ ✻





**သုဝဏ္ဏသာမဇာတ်တော်ကြီး**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း သုဝဏ္ဏသာမဇာတ်တော်ကြီး ပြိုင်ပွဲတွင် ရန်ကုန်တိုင်းကိုယ်စားပြု မောင်ဉာဏ်ဝင်းနှင့်အဖွဲ့ ယှဉ်ပြိုင်ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

**မြန်မာ့အလင်း ဆောင်းပါး အညွှန်း**

## မောင်မောင်ခေါ်တုန်း ဗျာ ထူးသင့်ပြီ

အစိုးရဘက်က အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို လက်မလျှော့ဘဲ ၈–၁၀–၂၀၀၇ ရက်နေ့မှာ အလုပ်သမား ဒုဝန်ကြီး ဦးအောင်ကြည်ကို ဆက်ဆံရေးဝန်ကြီးအဖြစ် တရားဝင် တာဝန်ပေးအပ်ပြီး အန်တီစုနဲ့တွေ့ဆုံရေးအတွက် ရှေ့ကို တစ်လှမ်းထပ်တိုးခဲ့တာကို တွေ့ရပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် အစိုးရဘက်ကတော့ အန်တီစုနဲ့တွေ့ဆုံဖို့ အခြေအနေတွေဆီ ဦးတည်ဖန်တီးလာတာကို ကျွန်တော်တို့ သတိပြုမိပါတယ်။ ဒါကြောင့်လည်း ဒီလိုအချိန်မျိုးမှာ အားလုံးအကျိုးအတွက် မောင်မောင်ခေါ်တုန်း ဗျာ ထူးသင့်ပြီလို့ ကျွန်တော် အရိုးသားဆုံးမြင်မိပါတယ် အန်တီစုရေ။

ချမ်းမြအေး၏ မျှော်လင့်လျက်ပါ အန်တီစု (သို့မဟုတ်) သားရွှေအိုးထမ်းသည်ကိုသာ မြင်လိုပါသည် (၁) ဆောင်းပါး (စာ ၈၊ ၉ နှင့် ၁၀ )တွင် ဖတ်ရှုနိုင်ပါသည်။

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

## အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်)

# စက်မှုလက်မှုကဏ္ဍ အရှိန်အဟုန်မြင့်မား စက်ပစ္စည်းများ အရည်အသွေးရှိရှိ ထုတ်လုပ်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် စက်မှုလက်မှုကဏ္ဍသည် ပဓာနကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ပြန့်ကျဲနေသော ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများကို စုစည်း၍ စက်မှုဇုန်များ တည်ထောင်ပေးခဲ့ရာ စက်မှုဇုန်ခဇုန် နှင့် စက်မှုဇုန်ခွဲများ ပေါ်ထွန်းလာခဲ့သည်။

ယခုအခါ စက်မှုဇုန်များအပါအဝင် တစ်ပြည်လုံး၌ ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းပေါင်း တစ်သိန်းကျော် ရှိနေပြီဖြစ်သည်။

နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍကို အခြေခံပြီး စက်မှုကဏ္ဍဖွံ့ဖြိုးရေးနှင့် ဝန်ဆောင်မှုကဏ္ဍ ဖွံ့ဖြိုးရေးတို့ကိုပါ တစ်ပြိုင်တည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံသူ နိုင်ငံသားများအတွက် စားဝတ်နေရေးဆိုင်ရာ အခြေခံအုတ်မြစ်များကို မဏ္ဍိုင်ပြုပြီး စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းဖော်ဆောင်လျက် ရှိသည်။

စက်မှုဇုန်များသည် သွင်းကုန်အစားထိုး ပစ္စည်းများသာမက လယ်ယာသုံးစက်ကိရိယာများ၊ စက်အရန်ပစ္စည်းများနှင့် ပြည်ပပို့ကုန်များပါ တိုးမြှင့်ထုတ်လုပ်လျက် ရှိသည်။

ယခုအခါနိုင်ငံတော်၏ အားပေးကူညီမှုဖြင့် စက်မှုဇုန်အချို့တွင် ကုန်တင်ယာဉ်ကြီးများနှင့် ဘတ်စ်ကားများကိုလည်း တီထွင်ထုတ်လုပ်လျက်ရှိသည်။ အရည်အသွေးမီသော စက်ပစ္စည်းများ စီးပွားဖြစ်ထုတ်လုပ်နိုင်ရန် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ၌ အဆင့်မြင့်မားသည့် စက်ကိရိယာများ တပ်ဆင်အသုံးပြုလာကြသည်။

ဤကဲ့သို့ စက်မှုဇုန်များက နိုင်ငံတော်အတွက် စက်ပစ္စည်းများကို အရည်အသွေးရှိရှိ ထုတ်လုပ်လာသည်နှင့်အမျှ မြန်မာ့စက်မှုလက်မှုကဏ္ဍ အရှိန်အဟုန်မြင့်မားတိုးတက်လာပြီး နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## အပရာဇိတ ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၉**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အင်ကြင်းမြိုင်လမ်း အမှတ်၅၆(က)နေ ကျေးဇူးရှင်ဖခင်ကြီး ဦးဝင်းဖေအားရည်စူး၍ ဇနီးဒေါ်အေးအေးနှင့်သားသမီး၊ မြေးတစ်စုက ငွေကျပ် နှစ်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးကိုနှင့် ဦးဘချိုတို့က လက်ခံယူသည်။**(အောက်ပုံ)**

**ဆက်သွယ်လှူဒါန်းနိုင်**

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆၊ ၇၁၀၃၇၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## မြဝတီ ရုပ်မြင်သံကြား

**၂၀-၁၀-၂၀၀၇ (စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၁၅ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၅ | ၅။ | မြန်မာသံစဉ်ချိုနှာဝင် |
| ၇း၄၀ | ၆။ | **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်** |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၂း၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂း၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂း၂၅ | ၄။ | ကျန်းမာသုတ |
| ၁၂း၃၀ | ၅။ | ရုပ်မြင်သံကြားဇာတ်လမ်း **မျက်ရည်ရှင်းတမ်း နေတိုး၊ စိုးမြတ်နန္ဒာ** |
| ၁၃း၅၀ | ၆။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | ချစ်သူစုံတွဲ တူယှဉ်နွဲ |
| ၄း၂၀ | ၄။ | မြန်မာသံစဉ်ချိုနှာဝင် |
| ၄း၃၅ | ၅။ | မျိုးချစ်တပ်မတော် |
| ၄း၄၅ | ၆။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၀၀ | ၇။ | ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ |
| ၆း၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၉။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၅ | ၁၁။ | အံ့သြဖွယ်ရာဆပ်ကပ်ပညာ |
| ၆း၄၅ | ၁၂။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၃။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကိုယ့်အချစ်ဆုံး** (အပိုင်း-၁၈) |
| ၈း၀၀ | ၁၄။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၅။ | မိုးလေဝသသတင်း |
| | ၁၆။ | အမျိုးသားရေးတေးကဗျာ |
| | ၁၇။ | လူရွှင်တော်ရွှေဖလား |
| | ၁၈။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၁၉။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သစ္စာကြီးမား(သား)ပေါင်းချိန်** (အပိုင်း-၃၆) |

## ကမ္ဘာ့ဇရဌ သာသနာလင်္ကာရ ကမ္ဘာ့ဇ သာမဏေကျော်စာမေးပွဲ ကျင်းပရက်ရွှေ့ဆိုင်း

ရန်ကုန် အောက်တိုဘာ ၁၉

**နဝမအကြိမ် ကမ္ဘာ့ဇရဌသာသနာလင်္ကာရ ကမ္ဘာ့ဇသာမဏေကျော်စာမေးပွဲကို တောင်ကြီးမြို့ အတုလမာရဇိန်ဆုတောင်းပြည့် မြတ်စွာဘုရား၊ မြို့လယ်ဓမ္မာရုံကြီး၌ မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၆၉ခု သီတင်းကျွတ်လပြည့်ကျော် ၇ရက်မှ ၁၃ရက် (နိုဝင်ဘာလ ၂ရက်မှ ၈ရက်)အထိ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာထားရှိခဲ့သော်လည်း စာမေးပွဲကျင်းပမည့်ရက်အား ရွှေ့ဆိုင်းထားကြောင်းနှင့် ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သိရသည်။** (က-ပ)






**အမှတ် ၂၄၇ အာသာဝတီ (၄)လမ်း ၂၅ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်နေ ဦးမောင်မောင်ထွေး မိသားစု (ခေတ္တ-မလေးရှား)က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးငွေပဒေသာပင် အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝင်းလွင် လက်ခံယူစဉ်။** (က-ပ)

## ပြည် ဂျီတီအိုင်ကျောင်းဆင်း အင်ဂျင်နီယာများ စုပေါင်းကထိန်သင်္ကန်း ကပ်လှူမည်

**ရန်ကုန် အောက်တိုဘာ ၁၉**

ရန်ကုန်တိုင်း တွံတေးမြို့နယ် ကံဘဲ့ စံပြကျေးရွာရှိ ရွှေရောင်မြင် သာသနာ့ရိပ်သာ၌ နိုဝင်ဘာ ၁၈ ရက် တွင် ပြည်မြို့ ဂျီတီအိုင်ကျောင်းဆင်း အင်ဂျင်နီယာများက စုပေါင်းကထိန်သင်္ကန်း ကပ်လှူပွဲကျင်းပမည်ဖြစ်သည်။

**လှူဒါန်းနိုင်**

သို့ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများသည် ဦးခင်မောင်ဝင်း ဖုန်း ၀၉-၅၀၀၄၅၂၅၊ ဦးတင်အေး ဖုန်း ၀၉-၅၀၀၃၇၈၂၊ ကာတွန်း ကိုရွှေထူး(ပြည်) ဖုန်း ၀၉-၅၀၁၆၈၇၆၊ ဦးဝေလွင် ဖုန်း ၀၉-၅၁၃၂၇၇၄နှင့် ဦးအောင်မိုး ဖုန်း ၀၉-၅၁ ၅၃၉၉၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ကထိန် သင်္ကန်းကပ်လှူပွဲသို့ ကိုယ်တိုင် တက်ရောက်နိုင်ကြပါရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## မူးယစ်ကင်းစင် အလှဆင်

# (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အနုပညာကိုချစ်မြတ်နိုးကြသူများ၊ ကျောင်းသားကျောင်းသူများ ကြည့်ရှုအားပေး

**အကပြိုင်ပွဲ**

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး **ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပနေမှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၁၉

**(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဒုတိယနေ့ပြိုင်ပွဲအစီအစဉ်များကို သတ်မှတ်နေရာ အသီးသီးတို့ဖြစ်သည့် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးသုတေသနနှင့် သစ်တောသုတေသနတို့၌ အောက်တိုဘာ ၁၈ရက်တွင် ဆက်လက်ကျင်းပသည်။**

## ကြည့်ရှုအားပေး

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲများသို့ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ ဒုတိယစာရင်းစစ်ချုပ်ဒေါ်သင်းသင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးတို့မှ တာဝန်ရှိသူများ၊နေပြည်တော်ပျဉ်းမနားတပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်းနှင့်နေပြည်တော်လယ်ဝေးတို့မှ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာကို ချစ်မြတ်နိုးကြသူများ၊ နေပြည်တော်ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ၏အဆိုပြိုင်ပွဲကို နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ နံနက် ၉နာရီတွင် ကျင်းပရာ အဆို အကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး (ဂီတ)(အငြိမ်းစား)တေးသံရှင်ဒေါ်တင်တင်မြ၊ အတွင်းရေးမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက်အင်ဂျင်နီယာ ဒေါ်မေပြုံးခိုင်နှင့် အဆို အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်ဂီတပညာရှင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

## မဟာဂီတ

ရှေးဦးစွာ အဆင့်မြင့်ပညာအဆင့်(အမျိုးသား) မဟာဂီတ အဆိုပြိုင်ပွဲတွင် **"ဖန်ထွေလာ(မွန်)"** သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ဇေယျာပြည့်ဖြိုး၊ မန္တလေးတိုင်းမှ မောင်ရဲရန်အောင်၊ မွန်ပြည်နယ်မှ မောင်ကျော်ကျော်ဦး၊ စစ်ကိုင်းတိုင်းမှ မောင်ရဲဝင့်အောင်၊ ရန်ကုန်တိုင်းမှ မောင်အောင်ကျော်မျိုး၊ မန္တလေးတိုင်းမှ မောင်ကောင်းမြတ်ကျော်နှင့်ရခိုင်ပြည်နယ်မှ မောင်ဇော်ဇော်အောင်တို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲ ၁ နာရီတွင် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်(အမျိုးသမီး) မဟာဂီတအဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **"ဆန်းဆန်းသဘ္ဘာကြာညောင်(ယိုးဒယား)"** သီချင်းဖြင့် ရှမ်းပြည်နယ်မှ မဆုဆုမွန်ထက်၊ မွန်ပြည်နယ်မှ မပန်းအိစံ၊ စစ်ကိုင်းတိုင်းမှ မအိမ့်ကြာဖြူ၊ ဧရာဝတီတိုင်းမှ မသန္တာ၊ ရန်ကုန်တိုင်းမှ မမြတ်ဘုန်းမိုလင်း၊ မန္တလေးတိုင်းမှ မသက်ထားခင်နှင့် မရတနာရွှန်းလဲ့ဝေ၊ ရခိုင်ပြည်နယ်မှ မပြည့်ပြည့်ဖြိုး၊ ကချင်ပြည်နယ်မှ မထွယ်ဂျာ၊ ရန်ကုန်တိုင်းမှ မနှင်းဝတ်ရည်ထွန်းနှင့် တနင်္သာရီတိုင်းမှ မရွှေ





ရည်ရတနာတို့ သီဆို ပြိုင်ပွဲဝင်ကြသည်။

## အကပြိုင်ပွဲ

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) အကပြိုင်ပွဲကို နေပြည်တော်ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ နံနက် ၉ နာရီတွင်ကျင်းပရာ အက အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ သဘင်ပညာရှင်ဦးစိန်မာဒင်၊ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး) သဘင်ဌာနမှ ပါမောက္ခဒေါ်နုနုခင်၊ အတွင်းရေးမှူး ပန်တျာကျောင်း(ရန်ကုန်)မှ ကျောင်းအုပ်ဒေါ်မူမူခင်နှင့် အက အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)အကပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မဝါဝါဝင်းလှိုင်၊ မန္တလေးတိုင်းမှ မမြင့်မြင့်အေးသိန်း၊ စစ်ကိုင်းတိုင်းမှ မခိုင်ဇာဖြိုး၊ ပဲခူးတိုင်းမှ မမေဖြိုးထိုက်၊ ရှမ်းပြည်နယ်မှ မယမင်းလှိုင်၊ ရခိုင်ပြည်နယ်မှ မခင်စန္ဒာသူရိန်ဝင်း၊ ရန်ကုန်တိုင်းမှ မနှင်းဆုလှိုင်၊ စစ်ကိုင်းတိုင်းမှ မပန်းအိကျော်၊ မန္တလေးတိုင်းမှ မသက်မာစိုး၊ ကချင်ပြည်နယ်မှ မအေးမွန်ဝင်း၊ ရန်ကုန်တိုင်းမှ မမိုးမိုးကြည်၊ ဧရာဝတီတိုင်းမှ မဟေမာနှင်းလွင်နှင့် မွန်ပြည်နယ်မှ မချောစုလှိုင်တို့က အကပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် (အမျိုးသား) အကပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရခိုင်ပြည်နယ်မှ မောင်ကျော်စိုးဝင်း၊ မွန်ပြည်နယ်မှ မောင်အောင်ဆန်းဦး၊ မန္တလေးတိုင်းမှ မောင်ဝေယံဇော်၊ ပဲခူးတိုင်းမှ မောင်ရန်နိုင်ထွန်း၊ ရှမ်းပြည်နယ်မှ မောင်ဘိုမင်းစိုး၊ ဧရာဝတီတိုင်းမှ မောင်ထက်အာကာလင်း၊ မကွေးတိုင်းမှ မောင်ချစ်သူဝင်း၊ ပဲခူးတိုင်းမှ မောင်ထက်အောင်ဖြိုးလွင်၊ မန္တလေးတိုင်းမှ မောင်ဝေယံကျော်၊ စစ်ကိုင်းတိုင်းမှ မောင်အောင်မျိုးကြည်၊ ရှမ်းပြည်နယ်မှ မောင်ဟံသာဖြိုးဝေ၊ ရန်ကုန်တိုင်းမှ မောင်နိုးနိုးလပြည့်နှင့် မောင်သန့်စင်ထွန်း(ခ)ဟိန်းဇာ၊ ချင်းပြည်နယ်မှ မောင်နိုလျန်ထန်တို့က ပြိုင်ပွဲဝင်ကြသည်။

## အရေးပြိုင်ပွဲ

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အရေးပြိုင်ပွဲ၏ သီချင်းတိုက်လေ့ကျင့်မှုကို နံနက် ၉ နာရီတွင် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ အရေးပြိုင်ပွဲ အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးမောင်မောင်လတ်၊ အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူး(ထုတ်လုပ်)ဦးဇော်ငွေနှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

သီချင်းတိုက် လေ့ကျင့်မှုတွင် အောက်တိုဘာ ၁၇ရက်က ကျင်းပခဲ့သည့် တေးစာရေးသားခြင်းပြိုင်ပွဲဝင်ခဲ့သော ဝါသနာရှင်အဆင့်(ဒုတိယတန်း)(အမျိုးသား)(အမျိုးသမီး)ပြိုင်ပွဲဝင်များက **"သတိနှင့်ယှဉ် အောင်ပွဲဆင်"** တေးစာခေါင်းစဉ်ကို ကချင်ပြည်နယ်မှ ဒေါ်မြဝင်းကြည်၊ ကယားပြည်နယ်မှ မောင်စိုးရာဇာလင်း၊ ကရင်ပြည်နယ်မှ ဦးမျိုးလင်းလင်း၊ ချင်းပြည်နယ်မှ ဦးဇော်မင်းလတ်၊ မွန်ပြည်နယ်မှ ဦးသိန်းစိုး၊ ရှမ်းပြည်နယ်မှ ဦးဟန်မျိုးအောင်၊ စစ်ကိုင်းတိုင်းမှ ဦးသောင်းတန်၊ တနင်္သာရီတိုင်းမှ ဦးဇော်ထွန်းသောင်း၊ ပဲခူးတိုင်းမှ ဦးခင်မောင်ဇော်၊ မကွေးတိုင်းမှ ဦးသိုက်ထွန်း၊ မန္တလေးတိုင်းမှ ဦးကောင်းထက်ကျော်နှင့် ဦးငြိမ်းချမ်းအောင်၊ ရန်ကုန်တိုင်းမှ ဒေါ်ခင်မိမိမိုးနှင့် ဒေါ်ခင်ဝင်းဆွေ(ခ) ဒေါ်မြကြာဖြူနှင့် ဧရာဝတီတိုင်းမှ ဦးစိုးမြင့်တို့က သီချင်းတိုက် လေ့ကျင့်ကြသည်။

## ကြီးကြပ်အကဲဖြတ်

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ စန္ဒရားအတီးပြိုင်ပွဲကို ယနေ့ နံနက် ၉နာရီတွင် သစ်တောသုတေသနဌာန စုဝေးခန်းမ၌ကျင်းပရာ စန္ဒရားအတီးအကဲဖြတ် လုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် စန္ဒရားဦးနီနီနှင့် အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ထိုသို့ပြိုင်ပွဲဝင်ရာတွင် ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသား) စန္ဒရား အတီးပြိုင်ပွဲတွင် **"ဖော်ကွာဝေး (ယိုးဒယား)"** သီချင်းဖြင့် ရခိုင်ပြည်နယ်မှဦးဇင်မျိုးထွဋ်၊ ရန်ကုန်တိုင်းမှ ဦးဇော်မင်းဦး၊မန္တလေးတိုင်းမှ ဦးနေမင်းထွန်း၊ ရန်ကုန်တိုင်းမှဦးပဇော် ဟိန်းနှင့် မန္တလေးတိုင်းမှ ဦးသန့်ဇင်ထွေးတို့က အသီးသီးတီးခတ်ပြိုင်ပွဲဝင်ကြသည်။

## စန္ဒရားအတီးပြိုင်

အလားတူ အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်(အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲတွင် **"စံရာတောင်ကျွန်း(ကြိုး)"**သီချင်းဖြင့် မန္တလေးတိုင်းမှ မသံသာဦးဝေ၊ ရန်ကုန်တိုင်းမှ မမေနဒီအောင်၊ ကချင်ပြည်နယ်မှ မဂျေခေါန်ဆိုင်းမိုင်၊ ရန်ကုန်တိုင်းမှ မသက်ထားဝေ၊မန္တလေးတိုင်းမှ မထက်ထက်ဝင်းပြုံးအိ၊ ပဲခူးတိုင်းမှ မရတနာသွန်းဖြိုးနှင့် ဧရာဝတီတိုင်းမှ မခိုင်ထက်ထက်လင်းတို့က တီးခတ်ပြိုင်ပွဲဝင် ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ ဒိုးပတ်ပြိုင်ပွဲ အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေး သုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ဒိုးပတ် အတီးအကဲဖြတ်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးစိန်ဘမော်နှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

## ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲတွင် အခြေခံပညာ အဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်(အမျိုးသား) ဒိုးပတ်အတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းမှ မောင်ဝေမျိုးဦးနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ပိုင်မှူးသော်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်ချစ်ဦးမောင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ထက်အာကာမောင်နှင့် အဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အလားတူ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ဒိုးပတ်အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မောင်ဖြိုးကိုကို နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ညီရဲသီဟ(ခ) မောင်သိန်းသန်းစိုးနှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ မောင်ညွှန့်အောင်နှင့်အဖွဲ့နှင့် မန္တလေးတိုင်းမှ မောင်ကောင်းမြတ်ကျော်နှင့် အဖွဲ့တို့ ပါဝင်ပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ အတီးပြိုင်ပွဲ၏ ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲကို နံနက်၉နာရီတွင်နေပြည်တော်ရှိ ရေဆင်းတက္ကသိုလ်နယ်မြေ စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ဆိုင်းအဖွဲ့လိုက် အတီးအကဲဖြတ်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးစိန်စတင်းနှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

## ဆိုင်းအဖွဲ့လိုက်

ပြိုင်ပွဲတွင်ဝါသနာရှင်အဆင့်(ပထမတန်း)(အမျိုးသား)ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ပဲခူးတိုင်းမှ ဦးမြတ်ဇင်အောင်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးစိန်ပေတူးနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ ဦးဟိန်းရာဇာ(ခ) ဦးမျိုးဟိန်းဦးနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ ဦးကျော်သူနှင့် အဖွဲ့၊ ရန်ကုန်တိုင်းမှ ဦးရဲလင်းဗိုလ်နှင့်အဖွဲ့၊ မကွေးတိုင်းမှ ဦးအောင်ဝင်းမောင်နှင့်အဖွဲ့နှင့် မန္တလေးတိုင်းမှ ဦးမျိုးသန့်တင်(ခ)ဦးဗိုလ်ဗိုလ်သိန်းနှင့်အဖွဲ့တို့ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့အတူ အခြေခံပညာ အဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်(အမျိုးသား) ဆိုင်း အဖွဲ့လိုက်ပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မောင်သန့်ဇော်နှင့် အဖွဲ့နှင့် မောင်ရှိုင်းအောင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ချစ်ကိုကိုစိုးနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်ဖြိုးထက်အောင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ဝေယံမောင်မောင်နှင့်အဖွဲ့နှင့် ဧရာဝတီတိုင်းမှ မောင်နိုင်နိုင်နှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ စောင်းအတီးပြိုင်ပွဲကို နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ ကျင်းပရာ အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးရည်နွယ်နှင့်အဖွဲ့ဝင်များက ကြီးကြပ်၍ စောင်းအကဲဖြတ်ပညာရှင်များ အဖွဲ့ခေါင်းဆောင် ဦးအောင်ကိန်းနှင့်အဖွဲ့ဝင်ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့် ပထမတန်း(အမျိုးသား)စောင်း အတီးပြိုင်ပွဲတွင် **"သပြေပင်ဝန်း(ကြိုး)"**သီချင်းဖြင့် မွန်ပြည်နယ်မှ ဦးချမ်းသာနှင့် ရခိုင်ပြည်နယ်မှ မောင်ဝေဖြိုးနိုင်တို့ကလည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသမီး) စောင်း အတီးပြိုင်ပွဲတွင် **"အောင်မြေသာစံ(ပတ်ပျိုး)"** သီချင်းဖြင့် မန္တလေးတိုင်းမှ ဒေါ်ဇာဇာအေးနှင့် မခင်ဆွေမြညွှန့်တို့ တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့

## ✱ ရှေ့ဖုံးမှ

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဇာတ်တော်ကြီးအကပြိုင်ပွဲတွင် ဇာတ်တော်ကြီး(၁၀)ဘွဲ့မှ တတိယဘဝမြောက်ဖြစ်သော သုဝဏ္ဏသာမဇာတ်တော်ကြီး ပြိုင်ပွဲကို ယနေ့ည ၇ နာရီမှ ၁၀ နာရီအထိ နေပြည်တော်ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်ဉာဏ်ဝင်းနှင့်အဖွဲ့က ကပြယှဉ်ပြိုင်၍ ပြိုင်ပွဲဝင်ကြသည်။

### ကြည့်ရှုအားပေး

အဆိုပါပြိုင်ပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ နေပြည်တော်ပျဉ်းမနားခရိုင်အတွင်းရှိ မြို့နယ်အသီးသီးမှ မြန်မာ့ရိုးရာယဉ်ကျေးမှုသုခုမကို မြတ်နိုးလေးစားကြသော ပြည်သူများ ကြည့်ရှုအားပေးကြသည်။

### ကူညီပံ့ပိုး

ယနေ့ ကပြယှဉ်ပြိုင်ဖျော်ဖြေတင်ဆက်သည့် သုဝဏ္ဏသာမဇာတ်တော်ကြီး ပြိုင်ပွဲတွင် ဒုကုလအဖြစ် မောင်ဉာဏ်ဝင်း၊ ပါရိကာအဖြစ် မခိုင်သဇင်သင်း၊ သုဝဏ္ဏသာမအဖြစ် မောင်နိုင်မင်းဦး၊ ပီဠိယက္ခမင်းမယ်တော်အဖြစ် မချောစုစုကြည်၊ သိကြားမင်းအဖြစ် မောင်မောင်လတ်၊ ဝိသကြုံနတ်သားအဖြစ် ဦးသိန်းမြင့်၊ ဗဟုသုန္ဒြီနတ်သမီးအဖြစ် မချောစုစုလွင်၊ နန်းရင်းဝန်အဖြစ် ဦးတင်ရွှေ၊ တရားရေးဝန်အဖြစ် ဦးတင်ဝင်း၊ မြို့ဝန်အဖြစ် မောင်ဇော်မင်းဦး၊ စစ်သူကြီးအဖြစ် မောင်ဇော်ဝင်းထွဋ်နှင့် မောင်သိန်းဌေး၊ သမင်များအဖြစ် မောင်လှမျိုးထက်၊ မောင်ရန်နိုင်လင်း၊ မောင်ဇေယျာဟန်နှင့်မောင်ဇော်မင်းထွေး၊ ပဒေသာယိမ်းအကပညာရှင်များအဖြစ် မဝိုင်းချစ်ချစ်အောင်၊ မဥမ္မာချို၊ မခင်နီလာစိမ်း၊ မသူဇာလင်း(၁)၊ မရွှေရည်ဝင်းနှင့် မစုမွန်ကျော်တို့က သရုပ်ဆောင်ကြပြီး ဇာတ်ပို့ဆိုင်းပညာရှင်များဖြစ်ကြသည့် ဝိုင်းတော်တီးအဖြစ် ဦးအောင်ဝမ်းတူး၊ ကြေးတီးအဖြစ် ဦးစံရင်၊ နှဲဦးစန်းလွင်၊ ပတ်မတီးအဖြစ် ဦးလှမြင့်၊ မောင်းတီးအဖြစ် ဦးနိုင်လင်းဦး၊ အုပ်စုံတီးအဖြစ် ဦးစိုးညွန့်၊ စည်းဝါးတီးအဖြစ် ဦးထွန်းဇော်လင်းတို့က ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည်။ **(သတင်းစဉ်)**





# (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ရုပ်သေးဝါသနာရှင်အဆင့် (ပထမတန်း) မဟာဒုက်ဇာတ်တော်ကြီးပြိုင်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၉

**(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ရုပ်သေးဝါသနာရှင်အဆင့် (ပထမတန်း)မဟာဒုက် ဇာတ်တော်ကြီးပြိုင်ပွဲကို ပေးကမ်းလှူဒါန်းခြင်းဟူသော ဒါန၏အကျိုးတရားထူးကို သိမြင်စေရန်၊ မမေ့လျော့သောသတိတရားကို နားလည်စေရန်၊ ဒါန သီလဖြူစင်ခြင်းသည် ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော အကျိုးကိုပေးတတ်သည်ဟူသော အသိကိုရစေရန်၊ ဒါနပြုချင်စိတ်သာရှိပြီး ဒါနပြုနိုင်အောင် ဒါနဖြစ်အောင် အမြဲနည်းလမ်းရှာဖွေကြိုးပမ်းသင့်ကြောင်း ဟူသော အသိနှင့်အသိကို ရစေရန်၊ "သက်ရှည်၊ ဆင်းလှ၊ ချမ်းသာရ၊ ဗလ၊ ဉာဏ်ပညာ" ဟူသော ဆွမ်းအကျိုး ငါးပါးကိုမြတ်ဘုရားက ဟောကြားခဲ့ခြင်းအား ရင်ဝယ်အမြဲ ကိန်းအောင်ထားနိုင်ရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် အောက်တိုဘာ၁၈ရက် ည ၇နာရီတွင် နေပြည်တော် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းမှ တက္ကသိုလ်ခင်မောင်တင့် ဦးစီးသော အောင်စည်တော်ရုပ်စုံအမြင့်သဘင်က ပါဝင်ယှဉ်ပြိုင်သည်။**

## ကြည့်ရှုအားပေး

အဆိုပါပြိုင်ပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးနှင့်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီး၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဇနီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများ၊ နေပြည်တော် ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်းနှင့် နေပြည်တော် လယ်ဝေးတို့မှ အနုပညာကို ချစ်မြတ်နိုးကြသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**(အပေါ်ပုံ)**

အဆိုပါ ရန်ကုန်တိုင်းမှ တက္ကသိုလ်ခင်မောင်တင့် အမြင့်သဘင်တွင် အုပ်ချုပ်သူနှင့် ဇာတ်ညွှန်းအဖြစ် တက္ကသိုလ်ခင်မောင်တင့်၊ ရုပ်သေးကြိုးဆွဲခေါင်းဆောင်အဖြစ်ဦးဒေါင်းယဉ်၊ ရုပ်သေးကြိုးဆွဲများအဖြစ် ဦးခင်မောင်တင့် (ဝိဇ္ဇာ၊သိပ္ပံတက္ကသိုလ်)၊ မမေခင်မောင်တင့် (ယဉ်ကျေးမှုတက္ကသိုလ်)၊ မသဇင်ခင်မောင်တင့် (ယဉ်ကျေးမှုတက္ကသိုလ်)၊မခင်မြသွယ်၊(ယဉ်ကျေးမှုတက္ကသိုလ်)၊ မောင်ကျော်လင်းမောင် (ခေါ်)ငြိမ်းချမ်းတို့က ဆောင်ရွက်ကြပြီး အသံပိုင်းဆိုင်ရာတွင် မင်းသား မဟာဒုက်အဖြစ် ယဉ်ကျေးမှု အောင်ဟိန်း၊ မင်းသမီးဒလိဒ္ဒအဖြစ် မနှင်းနှင်းဝေ၊ သူဌေးမအဖြစ် ဒေါ်ဝင်းဝင်းမြ၊ ဘုရင်အဖြစ် ရွှေကျွန်းပေါ်လာ (ခေါ်) ဦးတိုးအောင်၊ စာရင်းကိုင်အဖြစ် ဦးယက်ပေါက်(ခေါ်)ဦးစိုးတင့်၊ ကြိုးဆွဲအသံ၊ အဖြစ် ဦးဗိုလ်ဗိုလ်ခင်မောင်တင့်နှင့် ဦးပေါ်အေးတို့က ဆောင်ရွက်ကြကာ ဆိုင်းအဖွဲ့ခေါင်းဆောင် တိုက်ဂါး(ခေါ်) ကျော်ဇင်မင်းနှင့် ဆိုင်းအဖွဲ့က ကူညီပံ့ပိုး တီးမှုတ်ပေးသည်။

## တင်ဆက်ကပြ

မဟာဒုက် ဇာတ်တော်ကြီးတွင် ဘုရား ရှိခိုး၊ စင်တိုင်၊ ဟိမဝန္တာခန်း (မြင်း၊ မျောက်၊ ဘီလူး၊ဇော်)နှင့် သူငယ်တော်ရှေ့ပြေး၊ ဟံသာဝတီ ပြည့်ရှင်မင်းညီလာခံ နှစ်ပါးသွားခန်း(မြိုင်ထ)၊ ဗာရာဏသီပြည်တွင် သာသနာတော်ထွန်းကားနေပုံ၊ ဆွမ်းလှူရန် မဟာဒုက်နှင့် ဒလိဒ္ဒတို့ဘဝ၊ ဆွမ်းကပ်လှူရေး တွေးဆကြည်နူးကြပုံ၊ သူဌေးအိမ်၌ ဇနီးမောင်နှံ ပျော်ရွှင်စွာဖြင့် အလုပ်ကြိုးစားနေကြပုံ၊ ဟင်းရွက်ခူးထွက်စဉ် ငါးကြင်းငါးရရှိခြင်း၊ ဆွမ်းဟင်းချက်နေစဉ် သိကြားမင်းကူညီခြင်း၊ သံဃာစာရင်း မတင်မိ၍ သံဃာမရတော့ခြင်း၊ ကဿပဘုရားရှင်ထံ အသွားတွင် မောင်းထုတ်ခံရခြင်း၊ ဘုရားရှင်အား ဖူးမြော်ခွင့်ရပြီး မြသပိတ်တော် ချီးမြှင့်ခဲ့ရပုံ၊ ဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်ချီးမြှင့်ပုံ၊ ရတနာမိုး ရွာသွန်းဖြိုး၍ သူဌေးအရာ ချီးမြှင့်ရပုံတို့ကို တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

**(သတင်းစဉ်)**

# ဝေဇယန္တာဝမ္မရိပ်သာ၌ ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းမည်

**ရန်ကုန် အောက်တိုဘာ ၁၉**

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် တော်ဝိစံပြကျေးရွာ ဝေဇယန္တာဝမ္မရိပ်သာရှိဆရာတော် ဦးကောသလ္လအမှူးပြုသောသံဃာတော်တို့အား ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများ တက်ရောက် လှူဒါန်းကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

### သုဝဏ္ဏသာမဇာတ်တော်ကြီး

| စဉ် | ရက်စွဲ | ယှဉ်ပြိုင်ရမည့်တိုင်း |
|---|---|---|
| ၂။ | ၂၀-၁၀-၂၀၀၇ | ရောဝတီတိုင်း |
| ၃။ | ၂၁-၁၀-၂၀၀၇ | မန္တလေးတိုင်း |
| ၄။ | ၂၂-၁၀-၂၀၀၇ | စစ်ကိုင်းတိုင်း |

## (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

### ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ

| စဉ် | ရက်စွဲ | ယှဉ်ပြိုင်ရမည့်တိုင်း |
|---|---|---|
| ၁။ | ၂၀-၁၀-၂၀၀၇ | မန္တလေးတိုင်းရုပ်စုံအဖွဲ့ |
| ၂။ | ၂၂-၁၀-၂၀၀၇ | ဧရာဝတီတိုင်းရုပ်စုံအဖွဲ့ |
| ၃။ | ၂၄-၁၀-၂၀၀၇ | ရန်ကုန်တိုင်းတော်ဝင်ရုပ်စုံအဖွဲ့ |
| ၄။ | ၂၇-၁၀-၂၀၀၇ | စစ်ကိုင်းတိုင်းရုပ်စုံအဖွဲ့ |

# စည်းလုံးပျော်ရွှင် ပွဲတော်သဘင်

* ယနေ့ဆိုလျှင်၊ ဒို့ပြည်ခွင်ဝယ်
စဉ်လာ ကောင်းမြတ်၊ ထိန်းသိမ်းအပ်၍
မပြတ်တူကွ၊ ဆင်နွှဲကြသည့်
ဆို က ရေး တီး၊ ပြိုင်ပွဲကြီးလျှင်
ဝှံချီးသဘင်၊ ပွဲကြီးယင်သည်
ပဉ္စ ဒသမ တိုင်ပြီတကား။

* ဤပွဲတော်မှာ၊ ပြည်မြန်မာ၏
သည်းချာသားလှ၊ သမီးလှတို့
မြန်မာ့ရိုးရာ၊ အနုပညာကို
ကောင်းစွာချီးမြှင့်၊ ဖော်ကျူးလင့်သော်
သဘင့် သရဖူ၊ ပွဲကြီးဟူ၍
ဂုဏ်ယူချီးပ၊ ဆိုသော်ရလိမ့်
မြန်မာ့မြေဖွား၊ တိုင်းရင်းသားတို့
မခြားမကွဲ၊ တစ်သွေးထဲပင်
ဆင်နွှဲဖြည့်ဆည်း၊ ပွဲတော်ကြီးလျှင်
စည်းလုံးခြင်း၏ အလှတကား။

* မြန်မာ့အလှမှာ၊ ဤသို့ပါဟု
မြန်မာ့အကမှာ၊ ဤသို့ပါဟု
ခြေမှာစကား ၊ လက်ဖျားကဗျာ
ပဝါတစ်ကမ်း ၊ လက်တစ်လှမ်းဝယ်
ပွင့်ပန်းနှယ်သို့ ၊ လေအညှို့ဝယ်
ယို့ချည် ယိမ်းချည်၊ လှည့်ပတ်ချည်လျှင်
နရီစည်းချက်၊ ယွင်းမပျက်ဘဲ
နှစ်သက်ဖွယ်အလှ၊ ရှုမြင်ရသည်
မြန်မာ့ရိုးရာ အမွေပါတကား။

* "ကြေးကြိုးသားရေ၊ လက်ခုပ်လေ"ဟု
ငါးထွေ တူရိယာ၊ စုံလင်စွာပြင်
မဟာဂီတ၊ ကြည်မြသံညင်း
သီချင်းကြီး သီချင်းခံ၊ ကျူးရင့်သံလည်း
မိုးယံဘုံဆင့်၊ တိမ်ပန်းပွင့်နှင့်
လိုက်သင့်စီးမျော၊ နေဘိသောနှယ်
သောတ သုခ၊ ချမ်းသာရသည်
မြန်မာ့ဂုဏ်ရည် အစစ်ပါတကား။

* ဩော်...ရတုသံညင်း၊ ဆိုသီချင်းနှင့်
အမြင့်သဘင်၊ ရုပ်သေးစင်နှင့်
စုံလင်ကွက်စိပ်၊ ရှေးပုံရိပ်နှင့်
စိတ်စဉ်ချမ်းမြေ့၊ ရွှင်လန်းမွေ့အောင်
ယနေ့ဆိုလျှင်၊ ဒို့ပြည်ခွင်ဝယ်
စဉ်လာကောင်းမြတ်၊ ထိန်းသိမ်းအပ်၍
မပြတ်တူကွ၊ ဆင်နွှဲကြသည့်
ဆို က ရေး တီး၊ ပြိုင်ပွဲကြီးလျှင်
ဝှံချီးသဘင်၊ ပွဲကြီးယင်သည်
ပဉ္စ ဒသမ တိုင်ပြီတကား။ ။

**မြင်းမူမောင်နိုင်မိုး**

စာမျက်နှာ ၃ မှ

## စောင်းအတီးပြိုင်ပွဲ

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့်အသက်(၅)နှစ်မှ (၁၀)နှစ်(အမျိုးသမီး)စောင်းအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **"စံရာတောင်ကျွန်း(ကြိုး)"** သီချင်းဖြင့် ဧရာဝတီတိုင်းမှ မခိုင်ထက်ထက်လင်း၊ ရန်ကုန်တိုင်းမှ မမေအေးအေးချမ်း(ခေါ်)ကြာလေးစိန်၊ မန္တလေးတိုင်းမှ မမြတ်ကေသွယ်ကျော်နှင့် မချယ်ရီလင်း၊ မကွေးတိုင်းမှ မငြိမ်းမြတ်မွန်နှင့် တနင်္သာရီတိုင်းမှ မခြူးသဉ္ဇာသိမ့်တို့တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့်အသက်(၁၅)နှစ်မှ (၂၀)နှစ်(အမျိုးသား) စောင်းအတီးပြိုင်ပွဲကိုဆက်လက်ကျင်းပရာ **"နှစ်ကိုယ်သစ္စာ(ပတ်ပျိုး)"** သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်မျိုးမြင့်ဆက်၊ ရခိုင်ပြည်နယ်မှ မောင်နိုင်လင်းသူ၊ ပဲခူးတိုင်းမှ မောင်ကံဦးအောင်နှင့် ဧရာဝတီတိုင်းမှ မောင်အောင်နိုင်စိုးတို့ တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

**(သတင်းစဉ်)**

## (၁၅)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၏ ပြိုင်ပွဲအစီအစဉ်ဇယား

| စဉ် | ရက်စွဲ | ပြိုင်ပွဲဘာသာရပ် | ပြိုင်ပွဲအဆင့် | အချိန် | နေရာ |
|---|---|---|---|---|---|
| | ၂၀-၁၀-၂၀၀၇ (စနေနေ့) | မဟာဂီတ | ဝါသနာရှင် (ပ) (မ) | ၀၉:၀၀ | စိုက်ပျိုးရေးတက္ကသိုလ် |
| | | | အခြေခံ (၅-၁၀) (ကျား) | ၁၃:၀၀ | (စုဝေးခန်းမ) |
| | | အက | ဝါသနာရှင် (ဒု) (မ) | ၀၉:၀၀ | မွေးမြူရေးဆိုင်ရာဆေး |
| | | | ဝါသနာရှင် (ဒု) (ကျား) | ၀၉:၀၀ | တက္ကသိုလ်(ဘွဲ့နှင်း) |
| | | **ဇာတ်သဘင်** | **သုဝဏ္ဏသာမဇာတ်တော်ကြီး ဧရာဝတီတိုင်း** | ၁၉:၀၀ | မွေးမြူရေးဆိုင်ရာဆေး တက္ကသိုလ်(ဘွဲ့နှင်း) |
| | | အရေး(သီချင်းတိုက်လေ့ကျင့်) | အဆင့်မြင့် | ၀၉:၀၀ | စိုက်ပျိုးရေးသုတေသန (သင်တန်းခန်းမ) |
| | | စန္ဒရား | အခြေခံ (၁၅-၂၀) (ကျား) (မ) | ၀၉:၀၀ | သစ်တောသုတေသန |
| | | | အဆင့်မြင့် (ကျား) (မ) | ၁၃:၀၀ | (စုဝေးခန်းမ) |
| | | ပတ္တလား | ဝါသနာရှင် (ပ) (ကျား) | ၀၉:၀၀ | စိုက်ပျိုးရေးတက္ကသိုလ် |
| | | | အဆင့်မြင့် (မ) | ၁၃:၀၀ | (စာသင်ခန်းမ) |
| | | ဒိုးပတ် | ဝါသနာရှင် (ပ) | ၀၉:၀၀ | စိုက်ပျိုးရေးသုတေသန |
| | | | အခြေခံ (၁၀-၁၅) | ၁၃:၀၀ | (စုဝေးခန်းမ) |
| | | **ရုပ်စုံသဘင်(အဖွဲ့လိုက်)** | **မဟာဒုက်ဇာတ်တော် မန္တလေးတိုင်း ရုပ်စုံအဖွဲ့** | ၁၉:၀၀ | စိုက်ပျိုးရေးသုတေသန (စုဝေးခန်းမ) |
| | | ဆိုင်း(အဖွဲ့လိုက်) | ဝါသနာရှင် (ဒု) (ကျား) | ၀၉:၀၀ | စိုက်ပျိုးရေးတက္ကသိုလ် |
| | | | အဆင့်မြင့် (ကျား) | ၁၃:၀၀ | (ဘွဲ့နှင်းသဘင်ခန်းမ) |

# ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒဂုံတံတားအပြီးသတ်တည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး ပို့ကုန်သွင်းကုန်များအပါအဝင် ကုန်စည်စီးဆင်းမှု ပိုမိုသွက်လက်မြန်ဆန်လာရေးသာမက ပြည်သူများ လူမှုစီးပွားဘဝကို အကျိုးပြုမည်ဖြစ်၍ ရေရှည်တည်တံ့ရေးဆောင်ရွက်ရန်မှာကြား





ရန်ကုန် အောက်တိုဘာ ၁၉

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အောက်တိုဘာ၁၇ရက် နံနက်ပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး စီမံကိန်း အထူးအဖွဲ့(၁)က တာဝန်ယူ တည်ဆောက်လျက်ရှိသည့် ဒဂုံတံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိ၍ စီမံကိန်းလုပ်ငန်းများအပြီးသတ်တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး** (အပေါ်ပုံ) **တာဝန်ရှိသူများအား လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။**

## ကြိုဆို

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် နံနက်၁၀နာရီတွင် ဒဂုံတံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိလာရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဒဂုံတံတားဖွင့်ပွဲ အခမ်းအနားကျင်းပမည့် ဇဟိုမဏ္ဍပ် ကြိုတင်ပြင်ဆင်ဆောက်လုပ်နေမှုကို လည်းကောင်း၊ ဒဂုံတံတားကို ဆေးသုတ်ဆောင်ရွက်ခြင်း အပါအဝင် အပြီးသတ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်းကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ရန်ကုန်တိုင်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးစိုးတင့်နှင့် စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်တို့က ဖွင့်ပွဲမတိုင်မီ အပြီးသတ်လုပ်ငန်းများ ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ ချဉ်းကပ်တံတား၊ ပင်မတံတားနှင့် ချဉ်းကပ်လမ်းများကို နိုင်လွန်ကတ္တရာများ ခင်းကျင်းဆောင်ရွက် ပြီးစီးမှု၊ ဆေးသုတ်ဆောင်ရွက်ခြင်း၊ ဇဟိုမဏ္ဍပ်နှင့် မုခ်ဦးလုပ်ငန်းများ အပါအဝင် အချောသပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဖွင့်ပွဲမတိုင်မီ၊ ဖွင့်ပွဲကျင်းပချိန်နှင့် ဖွင့်ပွဲအပြီးတို့တွင် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ အပိုင်းသုံးပိုင်းခွဲ၍ ကဏ္ဍအလိုက်ဆောင်ရွက်ရန် စီစဉ်ထားရှိမှု၊ သန်လျင်ဘက်ခြမ်း ချဉ်းကပ်လမ်း အရှည် ၅မိုင်ဖာလုံကို ဒဂုံတံတား၏ ခွင့်ပြုတန်ချိန် ၇၅ တန်နှင့်အညီ ခံနိုင်ဝန်ရရှိစေရန်နှင့် အကျယ် ၂၄ပေရှိ နှစ်လမ်းသွားလမ်းအဖြစ် ပထမအဆင့် ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်၍ လေးလမ်းသွားအကျယ် ဖြစ်စေရန် စီစဉ်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်းနှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပို့ကုန်သွင်းကုန်များ အပါအဝင် ကုန်စည်စီးဆင်းမှု ပိုမိုသွက်လက် မြန်ဆန်လာရေးသာမကဒေသခံပြည်သူများ၏ လူမှုစီးပွား ဘဝကိုပါ တိုက်ရိုက်အကျိုးပြုနိုင်မည်ဖြစ်၍ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မျက်ခြည် မပြတ်ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်ရေး၊ သတ်မှတ်အခွန်အခများ လေလွင့်မှုမရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ရေး၊ သန်လျင်ဘက် ချဉ်းကပ်လမ်း အရှည် ၅မိုင်ဖာလုံကို စံချိန်စံညွှန်းမီဖြင့် အမြန်ဆုံးပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ လမ်းဘေး ဝဲယာတစ်လျှောက် စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရပင်နှင့် လေကာပင်များကို စနစ်တကျစိုက်ပျိုးရေးတို့ကိုမှာကြားပြီး လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အဖွဲ့ဝင်များလိုက်ပါလျက် ဒဂုံတံတား၏ ပင်မတံတားနှင့် ချဉ်းကပ်တံတားတို့တွင် နိုင်လွန်ကတ္တရာ အချောသပ်ခင်းကျင်းနေမှု၊ အပြီးသတ်လုပ်ငန်းများဆောင်ရွက်နေမှု၊ ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဒဂုံတံတား၏အပြီးသတ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုတို့ကို မော်တော်ယာဉ်များဖြင့်ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် သန်လျင်ဘက်ခြမ်းရှိ ချဉ်းကပ်လမ်း အရှည် ၅မိုင် ဖာလုံအား နိုင်လွန်ကတ္တရာခင်းကျင်းပြီးစီးမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါ တံတားသည် စုစုပေါင်း အရှည် ပေ၄၅၄၀ရှိပြီး တံတားအောက်ရေလမ်းကင်းလွတ်နယ်မှာ အကျယ်ပေ ၁၃၀နှင့်အမြင့်၁၈ပေရှိကာယာဉ်တစ်စီးချင်း၏ ခွင့်ပြုတန်ချိန်မှာ ၇၅တန်ဖြစ်သည်။



**ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၁)မှတည်ဆောက်နေသော ဒဂုံတံတား တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။** (သတင်းစဉ်)

## အမျိုးအစား

ယာဉ်သွားလမ်းအကျယ် ၇၂ ပေရှိသော ခြောက်လမ်းသွားတံတားဖြစ်ပြီး ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်၍ တစ်ဖက်လျှင် ၆ပေအကျယ် လူသွားလမ်းပါရှိသည်။

အဆိုပါ ဒဂုံတံတားကို မြန်မာအင်ဂျင်နီယာများ၏ စွမ်းပကားဖြင့်သာ ကြိုးပမ်းတည်ဆောက်ခဲ့ရာ တံတားပြီးစီးနေပြီဖြစ်၍ အနာဂတ်တွင် ပေါ်ထွန်းလာတော့မည့် သီလဝါ အထူးစီးပွားရေး စက်မှုဇုန်ကို အထောက်အကူပြုစေမည့် (Supporting Industry Zone)များ ဖြစ်ကြသည့် ဒဂုံ(ဆိပ်ကမ်း) စက်မှုဇုန်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) စက်မှုဇုန်များ အပါအဝင် ရန်ကုန်မြို့အသီးသီးရှိ စက်မှုဇုန်တို့မှ ပြည်ပပို့ကုန်၊ သွင်းကုန်များကို သီလဝါဆိပ်ကမ်းမှတစ်ဆင့် အချိန်တိုအတွင်း သယ်ယူ ပို့ဆောင်နိုင်မည်ဖြစ်သည်။

## ဖွံ့ဖြိုးတိုးတက်မည်

အလားတူ ရန်ကုန်တောင်ပိုင်းခရိုင် အတွင်းရှိ မြို့နယ်များနှင့် ပဲခူးတိုင်းအတွင်းရှိမြို့နယ်များအပါအဝင်ဒေသ၏ ကုန်စည်စီးဆင်းမှုသည် ပိုမိုသွက်လက်လျင်မြန်လာမည်ဖြစ်ပြီး ဒေသ၏ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတို့သာမက ဒေသခံများ၏ လူမှုစီးပွားရေးဘဝ ပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သည်။

**(သတင်းစဉ်)**

---

## ပျော်ဘွယ်အရှင်ဝိသုဒ္ဓရုံသီ သာသနာပြုခရီးကြွရောက်

ရန်ကုန် အောက်တိုဘာ ၁၉

**မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားအနီး ဓမ္မသီဂီပျော်ဘွယ် ပရိယတ္တိ စာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် ဓမ္မသီဂီပျော်ဘွယ် ပဋိပတ္တိ သာသနာ့ရိပ်သာတို့၏ ပဓာနနာယက ဂန္ထဝါစက ပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ ပြည်တွင်းပြည်ပ သာသနာပြု ဓမ္မကထိက ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီသည် ဂျပန်နိုင်ငံ တိုကျိုမြို့အနီး စိုင်းတမကုမဂါယမြို့မှ ဒေါက်တာ တကကဇုကိုဘာယရှိ၏ ပင့်ဖိတ်ချက်အရ ထေရဝါဒဗုဒ္ဓတရားတော်များ ဆွေးနွေး ဟောပြောပြသရန် အတွက် အောက်တိုဘာ ၁၅ရက် ညပိုင်းက လေကြောင်းခရီးဖြင့် ကြွရောက်တော်မူပြီး ပင့်ထားသော တရားပွဲများအမီ ပြန်လည်ကြွရောက် ဟောကြားမည် ဖြစ်ကြောင်း သိရသည်။** (က-ပ)

---

## နေပြည်တော် နယ်အသင်း ဆွမ်းဆန်စိမ်း လောင်းလှူပွဲ

ရန်ကုန် အောက်တိုဘာ ၁၉

**၁၃၆၉ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) အောက်တိုဘာ၂၆ရက် (သောကြာနေ့)တွင် ဓနုဖြူမြို့ ကျိုက္ကလွန်ဗွန်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် ဓနုဖြူမြို့နယ်အသင်း (ရန်ကုန်) အသင်းဝင်မိသားစုများစုပေါင်း၍ ဓနုဖြူမြို့နယ်အတွင်း သီတင်းသုံးတော်မူကြသော ဆရာတော်၊ သံဃာတော်၊ သီလရှင် အပါး၁၀၀၀ကျော်တို့အား စေတီတော်ကြီး ပရဝဏ်အတွင်းရှိ ဦးဘိုးရွှေ တန်ဆောင်း၌ ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်သည်။ လှူဒါန်းလိုသူ အလှူရှင်များ ဦးလှမြင့် (ရွှေဟင်္သာ-ဖျာဆိုင်) ဖုန်း-၂၅၂၇၉၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။** (က-ပ)



ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကျောက်ကုန်း တပင်ရွှေထီးလမ်း အမှတ်(၃၉)နေ ဒေါ်စိန်စိန်၊ ဒေါ်မိမိလေးမိသားစုက ဒေါ်စိန်စိန်၏ မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ နန္ဒကထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ရုံးအဖွဲ့)ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။(က-ပ)

# ကမ္ဘာ့ဆရာများနေ့ အခမ်းအနား ပုသိမ်ဌာနျကင်းပ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်ဆုချီးမြှင့်ပေး

နေပြည်တော် အောက်တိုဘာ ၁၉

**၂၀၀၇ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို အောက်တိုဘာ ၅ရက် နံနက် ၉နာရီက အမှတ်(၁) အခြေခံပညာဦးစီးဌာန ဧရာဝတီတိုင်း ပုသိမ်မြို့ အထက(၁) ရတနာတန်ဆောင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်အမှာစကားပြောကြားကာ ဂုဏ်ပြုဆုများ ချီးမြှင့်ပေးသည်။**

## တက်ရောက်

အခမ်းအနားသို့ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် ဦးစီးအရာရှိကြီးများနှင့် ဇနီးများ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဦးကျော်စန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းပညာရေးမှူး ဦးခင်မောင်ရီနှင့် ပညာရေးမှူးများ၊ အခြေခံပညာ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဆုရရှိသော ထူးချွန်ကျောင်းအုပ်ကြီးများနှင့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ကဗျာ၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

## သီဆိုဂုဏ်ပြု

ရှေးဦးစွာ အခမ်းအနားကို ဖွင့်လှစ်ပြီး ပုသိမ်မြို့ အထက(၂) ကျောင်းသူလေးများက စမ်းလိုအေးတဲ့ဆရာကမ္ဘာ သီချင်းဖြင့် သီဆိုဂုဏ်ပြုသည်။

## အမှာစကားပြောကြား

၎င်းနောက် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ဧရာဝတီတိုင်း တိုင်းပညာရေးမှူး ဦးခင်မောင်ရီက ကမ္ဘာ့ဆရာများနေ့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

## ဂုဏ်ပြုဆုပေး

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်က ထူးချွန်ဆုရ ကျောင်းအုပ်ကြီးများဖြစ်သည့် ညောင်တုန်းမြို့ အထက (၁) ကျောင်းအုပ်ကြီး ဒေါ်စန်ဌေး၊ ကျိုက်လတ်မြို့ အထက(၁) ကျောင်းအုပ်ကြီး ဒေါ်မြင့်မြင့်သိန်း၊ ဓနုဖြူမြို့ ရွှေကူ အလက ကျောင်းအုပ်ကြီး ဒေါ်ခင်စန်းဝင်း၊ ဟင်္သာတမြို့ အမက(၂) ကျောင်းအုပ်ကြီး ဦးသန်းဝေတို့အား ဂုဏ်ပြုဆုများ ပေးအပ်သည်။ **(အပေါ်ပုံ)**



ဆက်လက်၍ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေက အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ ရေကြည်မြို့မ အလကမှ သတ္တမတန်းကျောင်းသူ မရွှေရည်ဝင်း၊ ဒုတိယ မြောင်းမြ အထက(၁)မှ သတ္တမတန်းကျောင်းသူ မအိသဇင်၊ တတိယ ကန်ကြီးထောင့် အထကမှ သတ္တမတန်းကျောင်းသား မောင်အောင်မြတ်ဖြိုးနှင့် အထူးဆုရရှိသူများကို ဆုများပေးအပ်သည်။

ယင်းနောက်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စန်းက အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ပထမ၊ဒုတိယ၊တတိယနှင့်အထူးဆုရရှိသူများကိုလည်းကောင်း၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သူရတင်လှက အထက်တန်း အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများကို လည်းကောင်း၊ တိုင်း ပညာရေးမှူး ဦးခင်မောင်ရီက အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင်ပထမ၊ ဒုတိယ၊ တတိယ နှင့် အထူးဆုရရှိသူများကိုလည်းကောင်း ဆုများပေးအပ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ချင်းပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၉

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုသည် အောက်တိုဘာ ၉ရက်က ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ကျပန်းစကားပြောပြိုင်ပွဲ အခမ်းအနားသို့ တက်ရောက်ကာ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။**

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် အောက်တိုဘာ ၁၀ရက်တွင် ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသော ချင်းပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၇)သို့ တက်ရောက်သည်။

## အမှာစကားပြောကြား

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြပြီး ၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ချင်းပြည်နယ်မှ သိပ္ပံဘာသာတွဲ၌ ပထမရရှိသူ၊ ဝိဇ္ဇာဘာသာတွဲ၌ ပထမရရှိသူ၊ ပြည်နယ်အဆင့် အင်္ဂလိပ်စကားပြော ပြိုင်ပွဲ (အခြေခံအဆင့်)၌ ပထမ၊ ဒုတိယရရှိသူများ၊ ပြည်နယ်အဆင့် အင်္ဂလိပ်စကားပြောပြိုင်ပွဲ(အဆင့်မြင့်)၌ ပထမ၊ ဒုတိယနှင့် ထူးချွန်ဆု ရရှိသူများ၊ အသင်းဌာနချုပ်ရုံးတွင် ဖွင့်လှစ်သော သတင်းစာပညာသင်တန်းအမှတ်စဉ်(၇)၌ တစ်နိုင်ငံလုံးတွင် ဒုတိယဆုရရှိသူ၊ အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၁)၌ သတ္တမရရှိသူ၊ ဖလမ်းမြို့နယ်မှ (၇၇) ကြိမ်မြောက် သွေးလှူရှင်နှင့် ဟားခါးမြို့နယ်မှ သွေးလိုအပ်သူများအတွက် သွေးရရှိရေး စေတနာအကျိုးဆောင်တို့အား ဗဟိုအလုပ်အမှုဆောင်နှင့်ပြည်နယ်ဥက္ကဋ္ဌတို့က ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

## အစီရင်ခံစာဖတ်ကြား

ထို့နောက် အစည်းအဝေးတွင် သဘာပတိအဖြစ် ချင်းပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးငွန်ဆန်းအောင်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်နယ်အလုပ်အမှုဆောင် ဦးရာခမ်းနှင့် ဦးအွမ်ဂေလိန်းတို့က ဆောင်ရွက်ကြသည်။ ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးက အမှာစကား ပြောကြားပြီး ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အသင်းအတွင်းရေးမှူးများက အသင်းအဆင့်ဆင့်အလိုက် တစ်နှစ်တာ ဆောင်ရွက်မှု နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး အစီရင်ခံစာများကို ဖတ်ကြားတင်ပြကြသည်။

## မှတ်တမ်းတင်

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးက လိုအပ်သည်များကိုမှာကြားပြီး ဆုံးဖြတ်ချက် (၃)ရပ်၊ အတည်ပြုခြင်း(၁)ရပ်၊ မှတ်တမ်းတင်ခြင်း(၃)ရပ်တို့ကို ချမှတ်သည်။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် အောက်တိုဘာ ၁၂ ရက်တွင် တီးတိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စိုက်ပျိုးထားရှိသော လက်ဖက်ဧက ၁၀၀စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။ ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် တီးတိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးသို့ ရောက်ရှိ၍ အသင်းအတွက် တီးတိန်မြို့နယ်မှ အလှူရှင် ဦးဝုန့်ဆွင်းပေါင် - ဒေါ်ကျိန်းရှင်းမန် မိသားစုတို့က ငွေကျပ်၁၅၀၀၀၀တန်ဖိုးရှိ ဆက်တီတစ်စုံနှင့် ဦးထန်ဇစိန်မိသားစုကငွေကျပ် ၁၀၀၀၀၀တန်ဖိုးရှိ ပလတ်စတစ်ထိုင်ခုံ ၁၂လုံးတို့ကို ပေးအပ်လှူဒါန်းရာ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့သည်။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် တီးတိန်မြို့မှ ဆက်လက်ထွက်ခွာခဲ့ရာ လမ်းဇန်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် တွန်းဇံမြို့ ဆောက်လုပ်ရေးရိပ်သာ၌ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာစည်းရုံးရေးမှူးများနှင့် တွေ့ဆုံကာ အသင်းအတွက် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် အောက်တိုဘာ ၁၃ ရက်တွင် တွန်းဇံမြို့နယ် မာလ်ကွေးကျေးရွာသို့ ရောက်ရှိ၍ ကျေးရွာကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စက် ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ကာ အမှာစကားပြောကြားပြီး ရေအားလျှပ်စစ်စက်ကို ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်စည်နှင့် အတူ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးက ရုပ်မြင်သံကြားစက်နှင့် ဂြိုဟ်တုစလောင်းဖမ်းစက် တစ်စုံတို့ကို ကျေးရွာဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် တွီးခိန်းကျေးရွာသို့ရောက်ရှိ၍ ကျေးရွာ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စက် ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားကာ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ကျေးရွာအတွက် ရုပ်မြင်သံကြားစက်၊ ဂြိုဟ်တုစလောင်းဖမ်းစက်တစ်စုံနှင့်ကျေးရွာစာကြည့်တိုက်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် နတ်ဇန်ကျေးရွာသို့ရောက်ရှိ၍ ကျေးရွာကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကာ ဗဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြားပြီး ရေအားလျှပ်စစ်စက်ကို ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ရုပ်မြင်သံကြားစက်နှင့် ဂြိုဟ်တုစလောင်းဖမ်းစက်တစ်စုံကို ပေးအပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

# လောက်ကိုင်မြို့နယ် ဆင်းရွှေလီအထူးအထွက်တိုးမိုးစပါး တစ်ဧကတင်း ၂၅၀ ထွက်ရှိရေး စံကွက်ရိတ်သိမ်း

**ရန်ကုန် အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့နယ် ဆင်းရွှေလီ အထူးအထွက်တိုး မိုးစပါးတစ်ဧက တင်း၂၅၀ ထွက်ရှိရေး စံပြကွက် စံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို အောက်တိုဘာ ၃ ရက် နံနက် ၉နာရီက စီအောကွင်း စံပြကွက်တွင် ကျင်းပသည်။**(အောက်ပုံ)**

## တက်ရောက်

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းမောင်နှင့် ဗိုလ်မှူးကြီး သန်းထိုက်၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ကိုးကန့် အထူးဒေသ(၁) တိုင်းရင်းသားခေါင်းဆောင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် တောင်သူဦးကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ လောက်ကိုင်မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးစိုင်းသန်းအောင်က လောက်ကိုင်မြို့နယ်တွင် ဆင်းရွှေလီစပ်မျိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေနှင့် တစ်ဧက တင်း၂၅၀ ရည်မှန်းစံပြကွက် စိုက်ပျိုးထားရှိမှု၊ထွက်ရှိမည့်အခြေအနေကို လည်းကောင်း၊ လောက်ကိုင်ခရိုင် မြေစာရင်းဦးစီးမှူး ဦးအောင်သန်းက စံပြကွက်ရိတ်သိမ်းရခြင်း၏ ရည်ရွယ်ချက်၊ စံကွက် ရိတ်သိမ်းနည်းစနစ်များကို ရှင်းလင်းတင်ပြကြသည်။



## အထွက်နှုန်း

ယင်းနောက် တက်ရောက်လာသည့် တာဝန်ရှိပုဂ္ဂိုလ်များက ဆင်းရွှေလီစပ်မျိုး မိုးစပါး စံပြကွက်မှ စံကွက်ရိတ်သိမ်း၊ ခြွေလှေ့၊ ခြင်တွယ်မှုကို ကြည့်ရှုအားပေးပြီး ဝ ဒသမ ၁၀ ဧက စံကွက်အရ အစို ၂၄၃ ဒသမ ၇၅ တင်း၊ အခြောက် ၂၀၇ ဒသမ ၇၅ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



## ဆုတံဆိပ်ဆွတ်ခူး

**တရုတ်နိုင်ငံ ရှန်ဟဲမြို့၌ ကျင်းပခဲ့သည့် ကမ္ဘာ့ ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်ငါးခု စုစုပေါင်း ဆုတံဆိပ်ခုနစ်ခု ဆွတ်ခူးရရှိခဲ့သော မြန်မာအားကစားအဖွဲ့အားတွေ့ရစဉ်။**

(မြန်မာ့အလင်း)

# ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ် မြန်မာနှင့်တရုတ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် အောက်တိုဘာ ၁၉**

၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် အာရှဇုန်ပထမအဆင့် ခြေစစ်ပွဲစဉ်(ပထမအကျော့)ကို တရုတ်နိုင်ငံ Centry Lotus အားကစားကွင်း၌ အောက်တိုဘာ ၂၁ရက် **(မနက်ဖြန်)**တွင် ကျင်းပမည်ဖြစ်ရာ တရုတ်လက်ရွေးစင်ဘောလုံးအသင်းနှင့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးသိန်းအောင်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အား/ကာဦးစီးဌာန)၊ နည်းပြချုပ်အဖြစ် မားကို့စ်အန်တိုနီယိုဖလော်ပါ (ဘရာဇီး)၊ နည်းပြအဖြစ် ဦးဉာဏ်ဝင်း (စီးပွား/ကူးသန်း)၊ လက်ထောက်နည်းပြအဖြစ် ဦးအောင်နိုင်နှင့် ဦးကြည်လွင် (မြို့တော်စည်ပင်)၊ ဂိုးနည်းပြအဖြစ် ဦးမျိုးချစ်(မြို့တော်စည်ပင်)၊ အသင်းဆရာဝန်အဖြစ် ဒေါက်တာမြတ်ထွန်းဦး (အား/ကာဦးစီးဌာန)တို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်ဘောလုံးသမားများအဖြစ် **(ဂိုး)**အောင်အောင်ဦး (ဘဏ္ဍာ/အခွန်)၊ ကျော်ဇင်ထက် (ဆောက်လုပ်ရေး)၊ **(နောက်တန်း)** ခင်မောင်လွင် (လယ်ယာ/ဆည်မြောင်း)၊ မိုးဝင်း၊ ဇော်လင်းထွန်း၊ မင်းသူ (စီးပွား/ကူးသန်း)၊ သူရအောင် (ဘဏ္ဍာ/အခွန်)၊ အေးဆန်း (ကမ္ဘောဇ)၊ ကျော်ဇေယျာဝင်း (ပို့ဆောင်ရေး)၊ **(အလယ်တန်း)** အောင်မျိုးသန့်၊ မျိုးမင်းထွန်း၊ ရာဇာဝင်းသိန်း (စီးပွား/ကူးသန်း)၊ ထွန်းထွန်းဝင်း (ဘဏ္ဍာ/အခွန်)၊ ဇော်ထက်အောင်၊ ကျော်ခိုင်ဝင်း (စွမ်းအင်)၊ **(ရှေ့တန်း)** စိုးမြတ်မင်း၊ ရန်ပိုင် (ဘဏ္ဍာ/အခွန်)၊ စည်သူဝင်း (ပြည်ထဲရေး)တို့ပါဝင်ကြသည်။

တရုတ်အသင်းနှင့် မြန်မာအသင်းတို့၏ ဒုတိယအကျော့ပွဲစဉ်ကို အောက်တိုဘာ ၂၈ ရက်တွင် မလေးရှားနိုင်ငံ၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ ယခုပွဲစဉ်သည် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်များ၌ ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

*စာမျက်နှာ ၉ ဆောင်းပါးမှအဆက်*

အဲဒီအတွက်လည်း ကျွန်တော်တို့ ပြည်သူတွေက အန်တီစုအပေါ် လေးစားမှုရှိလာခဲ့ရတာ အမှန်ပါ။

ဒါပေမယ့် အန်တီစုရဲ့ အဲဒီအစီအစဉ် ဖျက်သိမ်းကြောင်း ညွှန်ကြားချက်ကို ပါတီမြို့နယ်ရုံးတွေကို ပို့ဖို့အချိန်မမီခဲ့တဲ့အတွက် တချို့မြို့နယ်တွေမှာ လက်လွန် ခြေလွန်ဖြစ်ခဲ့တာလေးတွေလည်း ရှိခဲ့ပါတယ်။ အန်တီစုရဲ့ "အာဇာနည်မျိုးသေရိုးမရှိ"ဆိုတာက ပြင်းထန်လွန်းတဲ့အပြင် ဆိုးရွားတဲ့ အကျိုးဆက်တွေအထိ ဦးတည်သွားနိုင်တယ်လို့ ကျွန်တော် မြင်မိပါတယ်။ ဒါ့အပြင် အန်တီစုရဲ့ နေအိမ်ခြံဝင်းထဲမှာ ABSDF သောင်းကျန်းသူ ထောက်ပံ့ရေးကော်မတီ တွဲဖက်တာဝန်ခံ စိုးမြတ်သူ အပါအဝင် တရားမဝင်နေထိုင်သူ ၄၀ ကို ရှာဖွေတွေ့ရှိခဲ့တာကြောင့် အစိုးရက ၂၀-၇-၁၉၈၉ ရက်နေ့မှာ အန်တီစုကို ပထမအကြိမ် နေအိမ်မှာ တားဆီးမိန့် ထုတ်ခဲ့ပါတယ်။ အစိုးရအနေနဲ့ **နိုင်ငံတော်အား နှောင့်ယှက် ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(ခ)အရ တားဆီးခဲ့ခြင်းဖြစ်ပါတယ်။ ဒီလုပ်ရပ်ဟာ ဥပဒေနဲ့ ညီ မညီဆိုတာ ဥပဒေကို ကျွန်တော်တို့ထက် ပိုနားလည်တဲ့ အန်တီစု အသိဆုံးဖြစ်မှာပါ။**

အန်တီစု တားဆီးမိန့်နဲ့ နေအိမ်မှာရှိနေစဉ်အတွင်း နိုင်ငံ့အကြီးအကဲများအနေနဲ့ ၂၀-၉-၁၉၉၄ ရက်နေ့မှာ တစ်ကြိမ်၊ ၂၈-၁၀-၁၉၉၄ ရက်နေ့မှာတစ်ကြိမ် အန်တီစုနဲ့ တွေ့ဆုံ ဆွေးနွေးခဲ့ပါတယ်။ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးမှုမှာဆိုရင် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် အန်တီစုနဲ့ ရင်းရင်းနှီးနှီး တွေ့ဆုံရှင်းလင်းပြောကြားနေတာတွေ ကျွန်တော်တို့ ရုပ်မြင်သံကြားသတင်းများမှာ တွေ့မြင်ခွင့်ရခဲ့ပါတယ်။ ဝမ်းမြောက်ကြည်နူးစရာ မြင်ကွင်းပါ။ ကျွန်တော့်လိုပဲ သာမန်ပြည်သူ အများစုအနေနဲ့လည်း အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် လမ်းစပေါ်ပြီဆိုပြီး ဝမ်းသာအားရ ဖြစ်ခဲ့ကြရပါတယ်။ ဒါပေမယ့် သိပ်မကြာမီမှာပဲ အန်တီစုဆီ ခင်ပွန်းဖြစ်သူ မိုက်ကယ်အဲရစ်အလည်လာပြီး ၂၂-၁-၁၉၉၅ ရက်နေ့မှာ အင်္ဂလန်ပြန်ဖို့ ဗန်ကောက်လေဆိပ်အရောက် ထုတ်ပြန်ခဲ့တဲ့ အန်တီစုရဲ့ ကြေညာချက်ဆိုတာကြီး ထွက်ပေါ်လာခဲ့ပါတယ်။ အန်တီစုအနေနဲ့ နိုင်ငံတော်အစိုးရကို ဆက်လက်ဆန့်ကျင် တိုက်ပွဲဝင်သွားပါမယ်ဆိုတဲ့ ကြေညာချက်က ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်အားလုံးကို သဲထဲရေသွန် ဖြစ်စေခဲ့ပါတယ် အန်တီစုရေ။

အန်တီစုဘက်က ဒီလိုရှိခဲ့ပေမယ့် အစိုးရဘက်ကတော့ ၁၀-၇-၁၉၉၅ ရက်နေ့မှာအန်တီစုကို တားဆီးမိန့် ရုပ်သိမ်းပေးခဲ့ပါတယ်။ အစိုးရအနေနဲ့ အဲဒီတုန်းက ကျင်းပနေတဲ့ အမျိုးသားညီလာခံမှာ NLD ပါဝင်တက်ရောက်နေလေတော့ အမျိုးသားညီလာခံရဲ့ လေးနက်ကျယ်ပြန့်မှုနဲ့ နိုင်ငံရေး အနှစ်သာရပြည့်ဝမှုတွေကို အန်တီစု သိမြင်နားလည်ပြီး အပြုသဘောဆောင်လာနိုင်ကောင်းရဲ့လို့ မျှော်လင့်ခဲ့ပုံရပါတယ်။ အစိုးရနဲ့ထပ်တူ ကျွန်တော်တို့ ပြည်သူများကလည်း အန်တီစုအပေါ် ဒီလိုပဲ မျှော်လင့်ခဲ့မိတာပါ။

ဒါပေမယ့် တားဆီးမိန့်ရုပ်သိမ်းပြီး နောက်တစ်နေ့မှာပဲ သတင်းစာ ရှင်းလင်းပွဲလုပ်ပြီး အစိုးရအနေနဲ့ တွေ့ဆုံဆွေးနွေး ညှိနှိုင်းရေးနဲ့ အလုံးစုံ ပျက်သုဉ်းရေး လမ်းနှစ်သွယ်အနက် တစ်ခုခုကို ရွေးချယ်ရမယ် (We have to choose either dialogue or utter devastation)လို့ အန်တီစု တောင်းဆိုခဲ့တာကို တွေ့ရပြန်ပါတယ်။ လိုက်လျောမှုမရှိရင် အလုံးစုံပျက်သုဉ်းရေးကို ဦးတည်ဆောင်ရွက်သွားမယ်ဆိုတဲ့ သဘောလို့ ကျွန်တော် နားလည်မိလိုက်ပါတယ်။ ဒါ့အပြင် **အန်တီစုဟာ နိုင်ငံခြားသံတမန်တွေ၊ သတင်းထောက်တွေနဲ့ တွေ့လိုက်ဆွေးနွေးလိုက်၊ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေဆီ စာတွေရေးပြီး မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ မလုပ်ကြဖို့၊ လူသားချင်း စာနာထောက်ထားမှု အကူအညီတွေ မပေးကြဖို့၊ ကမ္ဘာလှည့်ခရီးသည်တွေ မလာကြဖို့၊ နိုင်ငံတကာ အဖွဲ့အစည်းတွေမှာ မြန်မာနိုင်ငံကို လက်မခံကြဖို့ အဆက်မပြတ်တောင်းဆိုမှုတွေလုပ်ခဲ့ပါတယ်။ အစိုးရဘက်က မှတ်တမ်းတွေအရ တားဆီးမိန့်ရုပ်သိမ်းပြီး တစ်နှစ်တာကာလအတွင်း အန်တီစုနေအိမ်ကို နိုင်ငံခြားသံတမန်တွေ အကြိမ် ၉၀ ကျော် လာရောက်ခဲ့ပြီး အန်တီစုကလည်း သံတမန်တွေဆီ အကြိမ် ၄၀ကျော် သွားရောက်ခဲ့တယ်။ ပြည်ပမီဒီယာများနဲ့ အကြိမ် ၁၇၀ ကျော် လက်ခံတွေ့ဆုံခဲ့တယ်လို့ ဆိုပါတယ်။**

**ဒီနေ့အစိုးရက ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ မြန်မာနိုင်ငံကို စီးပွားရေး အဆက်အသွယ် ဖြတ်တောက်ရေး အပါအဝင် အလုံးစုံပိတ်ဆို့ရေးဆိုတဲ့ ဆောင်ရွက်ပိတ်ဆို့မှု (၄)ချက်ကို စွန့်ပါဆိုတော့ အန်တီစုရဲ့ နောက်လိုက်တွေနဲ့ ပြည်ပအဖျက်အမှောင့်တွေက တစ်ခါမှ မကြားဖူးတဲ့စကားကို အခုမှ ကြားဖူးသလိုမျိုး အတင်းငြင်းနေကြပါတယ်။ တစ်ခါမှ မကျူးလွန်ဖူးတဲ့ပြစ်မှုကို နောင်မကျူးလွန်ပါဘူးလို့ ဝန်ခံခိုင်းသလိုဖြစ်နေပြီဆိုပြီး အတင်းကာနေကြပါတယ်။ တကယ်တော့ "အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ" လို့ ပြောခဲ့တာတွေ၊ "We have to choose either dialogue or utter devastation" လို့ အန်တီစုကိုယ်တိုင် အင်္ဂလိပ်လို ပြောဆိုကြေညာခဲ့တာတွေ၊ စီးပွားရေး ပိတ်ဆို့မှုတွေ လုပ်ပေးပါလို့ တောင်းဆိုခဲ့တာတွေဟာ ဖုံးကွယ်လို့ရနိုင်တဲ့ ကိစ္စတွေ မဟုတ်ပါဘူး။ ထို့အတူ ပြုပြင်ဖို့လည်း ခက်ခဲတဲ့ အရာတွေ မဟုတ်ဘူးလို့ ကျွန်တော်မြင်ပါတယ်။**

ဆက်ပါဦးမယ်။ တားဆီးမိန့် ရုပ်သိမ်းပြီးနောက်ပိုင်း အန်တီစုဟာ NLD ကိုယ်တိုင် ပါဝင်တက်ရောက်နေတဲ့ အမျိုးသားညီလာခံကို ဝေဖန် ပုတ်ခတ်မှုတွေ ဆက်တိုက်ပြုလုပ်ခဲ့ပါတယ်။ ၉-၉-၁၉၉၅ ရက်နေ့မှာ ကုလသမဂ္ဂဆိုင်ရာ အမေရိကန် အမြဲတမ်းသံအမတ်ကြီး မက်ဒလင်းအောဘရိုက်နဲ့ တွေ့ပြီးနောက်ပိုင်းမှာတော့ NLD အပါအဝင် နိုင်ငံရေးပါတီများနဲ့ အကျေအလည် ညှိနှိုင်းဆွေးနွေး သတ်မှတ်ထားပြီးဖြစ်တဲ့ အမျိုးသားညီလာခံရဲ့ လုပ်ထုံးလုပ်နည်းတွေကို ပြောင်းလဲပေးဖို့နဲ့ ပြောင်းလဲမပေးပါက အမျိုးသားညီလာခံက NLD နုတ်ထွက်မှာဖြစ်ကြောင်း ပြောကြားလာခဲ့ပါတယ်။ ဆက်လက်ပြီး ကျင်းပဆဲ အမျိုးသားညီလာခံအပေါ် စွပ်စွဲပုတ်ခတ်မှုတွေ၊ ခြိမ်းခြောက်မှုတွေ တိုးလုပ်လာတဲ့အပြင် နောက်ဆုံးမှာ NLD ကို ညီလာခံဆက်မတက်ဖို့ တစ်ချက်လွှတ်အမိန့်ပေးခဲ့ပါတယ်။ ဒါကြောင့် အမျိုးသားညီလာခံ တက်ရောက်နေတဲ့ NLD ကိုယ်စားလှယ် ၈၆ ဦးတို့ဟာ ၂၈-၁၁-၁၉၉၅ ရက်နေ့မှာ ညီလာခံကနေ ကျောခိုင်းထွက်ခွာခဲ့ရပါတယ်။ တကယ် စိတ်မကောင်းစရာပါ။ အမျိုးသားနိုင်ငံရေး လမ်းကြောင်းပေါ်ကနေ ခေါင်းငိုက်စိုက်ချပြီး ကျောခိုင်း ထွက်ခွာခဲ့ရတဲ့ အဲဒီပါတီ ကိုယ်စားလှယ်တွေအတွက် ယူကျုံးမရဖြစ်ခဲ့ရတာ အမှန်ပါ။

ကျွန်တော် ဆက်ပြီး ပြောပါဦးမယ်။ ။

အစိုးရအနေနဲ့ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(ခ)အရ တားဆီးခဲ့ခြင်း ဖြစ်ပါတယ်။ ဒီလုပ်ရပ်ဟာ ဥပဒေနဲ့ ညီ မညီဆိုတာ ဥပဒေကို ကျွန်တော်တို့ထက် ပိုနားလည်တဲ့ အန်တီစု အသိဆုံးဖြစ်မှာပါ။

20-10 (10) 1 10/20/07, 2:53 AM



## ကားဗုံးပေါက်ကွဲမှုမှ အပျက်အစီးများ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်မြောက်ပိုင်းတွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို အောက်တိုဘာ၁၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အမေရိကန်၌ ဆယ်ကျော်သက်လူငယ်များ မူးယစ်ဆေးသုံးစွဲ

**ဝါရှင်တန် အောက်တိုဘာ ၁၉**

အမေရိကန်နိုင်ငံတွင် ရှောင်တခင် စစ်တမ်းကောက်ယူမှုအရ တစ်နေ့လျှင် ရာထောင်ချီသော အမေရိကန်ဆယ်ကျော်သက်လူငယ်များသည် တရားမဝင် မူးယစ်ဆေးသုံးမှု များပြားလာသည်ကို တွေ့ရကြောင်း ဗဟိုအစိုးရသတင်းတစ်ရပ်တွင် ဖော်ပြသည်။

**လေ့လာတွေ့ရှိ**

တစ်နေ့လျှင် ဆယ်ကျော်သက် ၅၈၆၀၀၀သည် ဆေးခြောက်သုံးစွဲနေကြောင်း ငွေကြေးအလွဲသုံးမှုနှင့် စိတ်ကျန်းမာရေးလုပ်ငန်း စီမံခန့်ခွဲမှုဌာနက လေ့လာတွေ့ရှိခဲ့သည်။

**ဖော်ပြ**

လူငယ် ၅၀၀၀၀သည်ဆေးရှူသူများဖြစ်ပြီး ၂၇၀၀၀သည် စိတ်ကြွဆေးများကို သုံးစွဲကြောင်း၊ ၁၃၀၀၀သည် ကိုကင်းများကို သုံးစွဲပြီး ၃၈၀၀သည် ဘိန်းဖြူကို သုံးစွဲကြောင်း ယင်းဌာန၏ အစီရင်ခံစာတွင် ဖော်ပြသည်။ အမေရိကန်နိုင်ငံတွင် ၂၀၀၆ ခုနှစ် အတွင်း အသက်၁၂နှစ်မှ ၁၇နှစ်အရွယ် ဆယ်ကျော်သက်လူငယ်၏ သုံးပုံတစ်ပုံမှာ အရက်သောက်ပြီး ငါးပုံတစ်ပုံမှာ တရားမဝင် မူးယစ်ဆေး သုံးစွဲကြောင်း၊ ခြောက်ပုံတစ်ပုံမှာ ဆေးလိပ်သောက်ကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြသည်။

ယင်းအစီရင်ခံစာသည် မူးယစ်ဆေးသုံးစွဲသူ ၆၀၀၀၀ကျော်ကို အခြေခံ စစ်တမ်း ကောက်ယူထားခြင်းဖြစ်ကြောင်း ယင်းသတင်းတွင် ဖော်ပြသည်။

**အမ်အင်န်အေ၊ရိုက်တာ**

# ဘဂ္ဂဒက်တောင်ပိုင်း၌ ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

**ဘဂ္ဂဒက် အောက်တိုဘာ ၁၉**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ပိုင်းတွင် လက်နက်ငယ်များ ထိမှန်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က အောက်တိုဘာ ၁၇ရက်၌ သတင်းထုတ်ပြန်သည်။

အီရတ်နိုင်ငံမြို့တော် တောင်ပိုင်း၌ အောက်တိုဘာ ၁၄ရက်က နိုင်ငံစုတပ်ဖွဲ့ဗဟိုဌာနတွင်တာဝန်ကျနေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသည် စီးနင်းရှာဖွေမှုပြုလုပ်စဉ် ပစ်ခတ်ခံရပြီး သေဆုံးခဲ့ကြောင်း စစ်ဘက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ပင်တဂွန်စစ်ဌာနချုပ်စာရင်းအရ ၂၀၀၃ခုနှစ်မှ အမေရိကန်တို့ အီရတ်ကိုကျူးကျော်ကတည်းက သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် ၃၈၂၈ဦးရှိသွားပြီဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ



ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ အရောင်းဆိုင်တစ်ဆိုင်၌ ပြသထားသည့် ငါးတစ်ကောင်ကို အောက်တိုဘာ ၁၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ကမ္ဘာ့ဈေးကွက်တွင် ရေနံဈေးနှုန်းမြင့်တက် ၉၀ ဒသမ ၀၄ ဒေါ်လာသို့ စံချိန်တင်ရောက်ရှိ

နယူးယောက် အောက်တိုဘာ ၁၉

ရေနံဝယ်လိုအားမှာ တစ်ရှိန်ထိုးမြင့်တက်လာမှုကြောင့် အောက်တိုဘာ ၁၉ ရက်က ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၉၀ ဒသမ ၀၄ ဒေါ်လာ အထိ မြင့်တက်လာခဲ့သည်။

**မြင့်တက်**

အမေရိကန်နိုင်ငံ၌ နိုဝင်ဘာလတွင် ရေနံဈေးနှုန်း ဒေါ်လာ ၁ ဒသမ ၁၅ ဒေါ်လာအထိ မြင့်တက်လာနိုင်ကြောင်း၊ အောက်တိုဘာ ၁၅ရက်က ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၆ ဒသမ ၇၂ ဒေါ်လာရှိနေရာမှ ၈၆ ဒသမ ၇၉ ဒေါ်လာအထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

**အမြင့်ဆုံး**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ရေနံဈေးနှုန်းမှာ တစ်စည်လျှင် ၈၃ ဒသမ ၀၉ ဒေါ်လာသို့ မြင့်တက်လာခဲ့သည်။ လန်ဒန်မြို့တွင် ရေနံဈေးနှုန်း ၈၃ ဒေါ်လာအထက် စံချိန်တင် ရောက်ရှိခဲ့ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

# အာဖဂန်နစ္စတန်မှအကြမ်းဖက်မှု ယမန်နှစ်ကထက် ၃၀ရာခိုင်နှုန်းပိုမို

**ဂျီနီဗာ အောက်တိုဘာ ၁၉**

အာဖဂန်နစ္စတန် နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများမှာ ယခုနှစ်အတွင်း ယမန်နှစ်ကထက် ၃၀ရာခိုင်နှုန်း တိုးလာကြောင်း ကုလသမဂ္ဂ၏ အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အထူးသံတမန် တွမ်ကိုနစ်က အောက်တိုဘာ ၁၅ ရက်၌ ပြောကြားသည်။

**တင်ပြ**

အာဖဂန်နစ္စတန်နိုင်ငံ၌ လမ်းဘေးဗုံးခွဲမှု ၆၀၆မှုနှင့် အသေခံတိုက်ခိုက်မှု ၁၃၃ကြိမ်ဖြစ်ပွားကြောင်း၊ ယင်းအရေအတွက်မှာ ပြီးခဲ့သည့်နှစ် ထိုအချိန်အတိုင်းအတာအတွင်းကထက် အသေခံတိုက်ခိုက်မှု ၈၈ကြိမ် ပိုမိုများပြားကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တွမ်ကိုနစ်က တင်ပြသည်။

**ပြောကြား**

အရပ်သား သေဆုံးမှုမှာ ယခုနှစ် ဇန်နဝါရီလမှ ယနေ့အထိ အနည်းဆုံး ၁၂၀၀ရှိသဖြင့် သိသိသာသာ ပိုများကြောင်း ၎င်းကပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# နီပေါ၌ ဝမ်းရောဂါဖြစ်ပွား

**ခတ္တမန္ဒူ အောက်တိုဘာ ၁၉**

နီပေါနိုင်ငံရှိ ဒေသများတွင် ဝမ်းရောဂါဖြစ်ပွားသဖြင့် လေးဦးသေဆုံးခဲ့ကြောင်း အောက်တိုဘာ၁၇ရက်က နီပေါသတင်းစာ၌ ဖော်ပြသည်။

လွန်ခဲ့သည့် သုံးရက်အတွင်းမှ စ၍ ခတ္တမန္ဒူမြို့တောင်ပိုင်း ၂၅ကီလို မီတာအကွာရှိမက်ဝမ်ပူရာဒေသ ဆာရာဟာက်ကျေးရွာနှင့် အန်ဘာရီကျေးရွာများ၌ ဝမ်းရောဂါ ဖြစ်ပွားမှုကြောင့် လေးဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာကျန်းမာရေးရုံးအဖွဲ့က ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- *သီရိလင်္ကာနိုင်ငံမြောက်ပိုင်း ဗာဗူနီယာခရိုင်တွင် အောက်တိုဘာ ၁၈ ရက်က အစိုးရတပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုကြောင့် လက်နက်ကိုင်တိုက်ခိုက်ရေးသမား ၃၁ ဦးသေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

- **အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် အောက်တိုဘာ ၁၈ ရက်က အင်အားပြင်း မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့မှုကြောင့် လေးဦးသေဆုံးကာ ၁၆ ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ မော်တော်ယာဉ်အချို့ ပျက်စီးခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။** (အောက်ပုံ)



- *အီဂျစ်နိုင်ငံ မင်ယာမြို့အနီး နိုင်းမြစ်အတွင်း အောက်တိုဘာ ၁၈ရက်က ခရီးသည်တင်စက်လှေကြီးတစ်စင်း မတော်တဆဖြစ်ရပ်ကြောင့် နစ်မြုပ်ခဲ့ရာ ၁၀ ဦးသေဆုံးပြီး ခရီးသည်အချို့ ပျောက်ဆုံးလျက်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

- **အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) ဒူဘိုင်းမြို့တွင် အောက်တိုဘာ ၁၈ ရက်က မူးယစ်ဆေးပြားတစ်သန်းခွဲခန့်ကို ရဲတပ်ဖွဲ့ဝင်များက အာရပ်တစ်ဦးထံမှ ဖမ်းဆီးရမိခဲ့ကြောင်း၊ ယူအေအီးနိုင်ငံတွင် မူးယစ်ဆေးပြား အများဆုံးဖမ်းဆီးရမိခြင်းဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

- *အာဖဂန်နစ္စတန်တောင်ပိုင်း အူရူဂန်မြို့တွင် အောက်တိုဘာ ၁၈ ရက်က ဗုံးခွဲတိုက်ခိုက်ရန် ကြံစည်ကြိုးစားနေသော သားဖြစ်သူအား မိခင်ဖြစ်သူက တားဆီးရာမှ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ မိသားစုဝင်လေးဦးသေဆုံးသွားကြောင်း အာဖဂန်နစ္စတန်မီဒီယာများက ဖော်ပြသည်။*

- **စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် အောက်တိုဘာ ၁၈ ရက်က ကလေးငယ်များအား မှောင်ခိုကူးရာ၌ပါဝင်ပတ်သက်သော လူ ၃၀ ကို ဖမ်းဆီးခဲ့ရာ စပိန်နိုင်ငံ သမိုင်းတွင် လူမှောင်ခိုကူးမှုနှင့် ပတ်သက်သည့် ဖမ်းဆီးမှုအရေအတွက် အများဆုံးဖြစ်ကြောင်း စပိန်မီဒီယာများက ဖော်ပြသည်။**



- *မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့အနီးတွင် အောက်တိုဘာ ၁၈ ရက်က ခရီးသည်တင်ဘတ်စ်ကားတစ်စီး မတော်တဆဖြစ်ရပ်ကြောင့် လမ်းဘေး လျှိုမြောင်တစ်ခုအတွင်း ထိုးကျခဲ့ရာ ခုနစ်ဦးပွဲချင်းပြီးသေဆုံးပြီး ၆၀ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။* **(အပေါ်ပုံ)**

- **နီပေါနိုင်ငံတောင်ပိုင်း ရာတာဟက်ခရိုင်အတွင်း သွေးလွန်တုပ်ကွေးရောဂါကြောင့် အောက်တိုဘာ ၁၈ရက်က ကလေးငယ် ၂၅ ဦး သေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

# မြန်မာ့ရိုးရာယဉ်ကျေးမှုကို အထိရောက်ဆုံးဖော်ထုတ်နေသော အဆို၊အက၊အရေး၊အတီးပြိုင်ပွဲမှ ရင်တွင်းစကားသံများ

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

နေပြည်တော် အောက်တိုဘာ ၁၉

**(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နေပြည်တော်ရေဆင်း၌ ခြိမ့်ခြိမ့်သဲဆက်လက်ဆင်နွှဲလျက်ရှိနေသည်။ နေပြည်တော်တွင် မြန်မာသံစဉ်စစ်စစ် တေးသီချင်းသီဆိုပြိုင်ပွဲဝင်သံများနှင့် မြန်မာ့တူရိယာတို့၏ ငြိမ့်ညောင်းသာယာသော တေးဂီတ တီးခတ်သံများ ဖုံးလွှမ်းလျက်ရှိနေပေပြီ။**




**ဝါသနာရှင်အဆင့်(ပထမတန်း) (အမျိုးသား)ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် မန္တလေးတိုင်းမှ စိန်ပေတူးနှင့်အဖွဲ့ ယှဉ်ပြိုင်တီးခတ်ခဲ့သည်မှာ ....**

နေပြည်တော်သို့ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တာဝန်ဖြင့် ရောက်ရှိနေသော မြန်မာ့အလင်းသတင်းအဖွဲ့သည် ပြိုင်ပွဲကျင်းပရာ နေပြည်တော်ရေဆင်းရှိ သတ်မှတ် နေရာများသို့ သွားရောက်ကာ အကဲဖြတ် ဒိုင်လူကြီးများနှင့် ပြိုင်ပွဲဝင် အချို့တို့အား တွေ့ဆုံမေးမြန်းခဲ့သည်။

ပထမဦးစွာ နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးသုတေသန (သင်တန်းခန်းမ)သို့ ရောက်ရှိရာ ခန်းမအတွင်း ပြည်နယ်နှင့်တိုင်းအသီးသီးမှ အရေးပြိုင်ပွဲဝင်များ အားကြိုးမာန်တက် တေးသီချင်းစာသားများ ရေးဖွဲ့နေကြသည်ကို တွေ့ရသည်။ အာရုံဝင်စားပြီး တေးသီချင်း စာသားရေးဖွဲ့ကာ သံစဉ်များပါ ထည့်သွင်းနေကြသဖြင့် ခန်းမကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ ထို့ကြောင့် အရေးအကဲဖြတ် ဒိုင်တစ်ဦးအဖြစ်

**အခြေခံပညာ အဆင့်အသက်(၅-၁၀)နှစ် (အမျိုးသမီး)စန္ဒရားအတီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး၏ ယှဉ်ပြိုင်ဟန်။**



တာဝန်ယူ ဆောင်ရွက်နေသော ဦးသန်းမြတ်စိုးအား တွေ့ဆုံကာ ပြိုင်ပွဲဝင်များနှင့် ပတ်သက်ပြီး မေးမြန်းရာ **"ပြိုင်ပွဲဝင်တွေ စာများများဖတ်ဖို့လိုတယ်။ သင်္ကေတရေးနည်းတွေ ကြိုတင်လေ့လာ တတ်မြောက်ထားရမယ်။ သံစဉ်တွေ နားလည်မှ သီချင်းရေးတဲ့အခါ စွဲမက်စရာ သံစဉ်တွေ ထည့်သွင်းနိုင်မှာပါ။ စာသားရှည်လွန်းရင်လဲ မကောင်းဘူး၊ လိုရင်းကို ထိထိမိမိ ရေးဖွဲ့နိုင်ရမယ်။ ဒီနှစ်ပြိုင်ပွဲဝင်တွေမှာ ထူးချွန်တဲ့သူတွေ အများကြီး ပါဝင်လို့ ဝမ်းသာရပါတယ်"** ဟု ဖြေကြားသည်။

ထို့နောက် မြန်မာ့အလင်းသတင်းအဖွဲ့သည် အရေးပြိုင်ပွဲကျင်းပရာ စိုက်ပျိုးရေးသုတေသန (သင်တန်းခန်းမ)မှ ပြိုင်ပွဲကျင်းပရာ စိုက်ပျိုးရေး တက္ကသိုလ် (စုဝေးခန်းမ)သို့ ရောက်ရှိခဲ့သည်။ ခန်းမအတွင်း စင်မြင့်ထက်၌ ခေတ်ဟောင်း တေးသီချင်းတစ်ပုဒ် သံစဉ်အဝင်အထွက် မှန်မှန်ဖြင့် ပြိုင်ပွဲဝင်နေသူတစ်ဦးကို တွေ့ရသည်။ အဆိုပြိုင်ပွဲဝင်နေသူအား အကဲဖြတ်ဒိုင်အဖြစ် အမှတ်ပေးနေသော ဂီတပညာရှင် ဦးမောင်မောင်ကြီးနှင့် တွေ့ဆုံကာ အဆိုပြိုင်ပွဲဝင်များနှင့် ပတ်သက်၍ မေးမြန်းရာ **"တစ်နှစ်ထက်တစ်နှစ် ပြိုင်ပွဲဝင်တွေပိုပြီး အရည်အချင်းပြည့်ဝလာတာတွေ့ရတယ်။ ဆက်ပြီး ဒီထက်ကောင်းအောင် ပိုကြိုးစားကြဖို့ လိုပါတယ်။ အဆိုပြိုင်ပွဲဝင် တစ်ဦးအနေနဲ့ သီချင်းများများ နားထောင်ရမယ်၊ လေ့ကျင့်မှုများများ ပြုလုပ်ရမယ်၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအားလုံးစီက လေ့လာ ဆည်းပူးနေကြရမယ်၊ ကျန်းမာရေးလည်း ဂရုစိုက်ရမယ်၊ အခုပြိုင်ပွဲမှာ သံစဉ်၊ နရီ စည်းဝါး ကိုက်ညီရင် အမှတ်များများရမှာပါ။ နောက်ပြီး အခုလို နိုင်ငံတော်အဆင့် ပြိုင်ပွဲကြီးတွေ ကျင်းပပေးနေတာမို့ မြန်မာတေးသီချင်းသံစဉ်တွေကို လူငယ်တွေ ပိုပြီးစိတ်ဝင်စားပါတယ်။ နောက်ဆုံး ပြိုင်ပွဲဝင်တွေဟာ ဆုမရခဲ့ရင်တောင် မြန်မာသံစဉ်သီချင်းတွေ ရရှိသွားမယ်။ ဒါဟာ မြန်မာသံစဉ်သီချင်းတွေ ပြန်လည်ရှေ့တန်းရောက်လာစေမယ့် အချက်တစ်ချက်ပါပဲ"** ဟု မြန်မာ့အလင်း သတင်းအဖွဲ့သို့ ဖြေကြားသွားသည်။

ဦးမောင်မောင်ကြီးသည် ၁၉၄၇ ခုနှစ်မှစတင်ကာ ဂီတနယ်ထဲသို့ ရောက်ရှိခဲ့သူဖြစ်ပြီး နိုင်ငံကျော်သီချင်းပေါင်းများစွာ သီဆို အောင်မြင်ခဲ့သည့် အနုပညာရှင်တစ်ဦးဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အဆိုအကဲဖြတ် ဒိုင်လူကြီးအဖြစ် (၁၄)ကြိမ်တိုင်အောင် ဆောင်ရွက်ခဲ့သူ ဖြစ်သည်။

ထို့နောက် အဆိုပြိုင်ပွဲဝင်ခန်းမ အပြင်ဘက် သစ်ပင်ရိပ်အောက်တွင် အဆိုလေ့ကျင့်နေသူ တစ်ဦးကို တွေ့ဆုံမေးမြန်းရာ **"နာမည်က မဦးခင်သိန်းပါ၊ ရခိုင်ပြည်နယ် စစ်တွေဇာတိဖြစ်ပါတယ်။ အခုပြိုင်ပွဲမှာ ခေတ်ဟောင်း၊ ကာလပေါ်အဆိုပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်မှာပါ။ သင်ကြားပေးတဲ့ ဆရာက ဒေါ်ခင်စိုးဝင်းဖြစ်ပြီး ဒီပြိုင်ပွဲ မဝင်ခင် တစ်ပတ်လောက်ကြိုကာ စနစ်တကျ လေ့ကျင့်ခဲ့ပါတယ်။ အရင်က အထူးဆုတစ်ခုနဲ့ ငွေတံဆိပ်တစ်ခု ရရှိခဲ့ပြီးပါပြီ၊ အခုပြိုင်ပွဲမှာ အကောင်းဆုံးပြင်ဆင်လာခဲ့တာဆိုတော့ မမျှော်လင့်ရဲပေမယ့် ရွှေတံဆိပ်ရမယ် မျှော်မှန်းပြီး ယှဉ်ပြိုင်သွားမှာပါ"** ဟု ဖြေကြားသွားသည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် ဆက်လက်၍ စိုက်ပျိုးရေး တက္ကသိုလ်(ဘွဲ့နှင်းသဘင်ခန်းမ)သို့ ရောက်ရှိခဲ့သည်။ လက်ကျ၊ လက်န၊ တီးလုံးတီးကွက်ကောင်းသော ပြိုင်ပွဲဝင်တစ်ဦး၏ ဆိုင်းဝိုင်းတီးလက်သံကိုကြားရသည်။ တီးလုံးတီးကွက် မြိုင်ဆိုင်မှုကို အံ့သြဖွယ်ကောင်းအောင် နားဆင်ရသည်။ ပြိုင်ပွဲအပြီး စင်မြင့်မှ ဆင်းလာသူ ပြိုင်ပွဲဝင်အား တွေ့ဆုံမေးမြန်းရာ **"မန္တလေးတိုင်းက ဝင်ရောက်ယှဉ်ပြိုင်တဲ့ မောင်အောင်ဗိုလ်မင်းပါ၊ ဆိုင်းတစ်ဦးချင်း အဆင့်မြင့်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခြင်း ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်ရဲ့ နိုင်ငံတော်အဆင့် ပထမဆုံးပြိုင်ပွဲပါပဲ။ အခုယှဉ်ပြိုင်ခဲ့ရတာ အားရမှုရှိပါတယ်။ ဆုတစ်ဆုဆု ရမယ် မျှော်လင့်ထားပါတယ်။ အခုလို အဆင့်မြင့်ပြိုင်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်ရတဲ့ အတွက် ဂုဏ်ယူဝမ်းသာမှုဖြစ်ရပါတယ်"** ဟု ရွှင်လန်းတက်ကြွစွာ ဖြေကြားခဲ့သည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအား ဒုတိယမြောက်နေ့အဖြစ် ဆက်လက်ဆင်နွှဲနေဆဲ၊ ပြိုင်ပွဲဝင်များနှင့် ပရိသတ်များကလည်း တက်တက်ကြွကြွ ယှဉ်ပြိုင်ကြ၊ အားပေးကြနှင့် နေပြည်တော်၌ စည်ကားသိုက်မြိုက်နေဆဲ ဖြစ်ပါကြောင်း။ ။

**(မြန်မာ့အလင်း)**




အဆင့်မြင့်ပညာအဆင့် (အမျိုးသား) မဟာဂီတအဆိုပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။

**ဒီနှစ်ပြိုင်ပွဲဝင်တွေမှာ ထူးချွန်တဲ့သူတွေ အများကြီးပါဝင်လို့ ဝမ်းသာရ။**

ဦးသန်းမြတ်စိုး

**တစ်နှစ်ထက်တစ်နှစ် ပြိုင်ပွဲဝင်တွေ ပိုပြီး အရည်အချင်း ပြည့်ဝလာတာတွေ့ရတယ်။**

ဦးမောင်မောင်ကြီး

**အခုပြိုင်ပွဲမှာ အကောင်းဆုံးပြင်ဆင်လာခဲ့တာဆိုတော့ ရွှေတံဆိပ်ရမယ်မျှော်မှန်းပြီး ယှဉ်ပြိုင်မှာပါ။**

မဦးခင်သိန်း



# ကျိုက္ခမီ ဆုတောင်းပြည့်ရေလယ်ဆံတော်ရှင် ဗုဒ္ဓပူဇနီယပွဲကျင်းပမည်

**မော်လမြိုင် အောက်တိုဘာ ၁၅**

ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဆံတော်ရှင် ဘုရားကြီး **(အပေါ်ပုံ)** ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို အောက်တိုဘာ ၂၅ရက်မှ ၃၁ရက်အထိ ခုနစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

**စီမံဆောင်ရွက်**

ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည့်ရက်များတွင် ပျော်ပွဲရွှင်ပွဲများ အစုံအလင် ထည့်သွင်းကျင်းပနိုင်ရေးအတွက် သံဖြူဇရပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးညိုလှ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကျိုက္ခမီရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်အုန်းရှိန်၊ ဘဏ္ဍာရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် အတွင်းရေးမှူး ဦးအောင်သန်းတို့ ပါဝင်သော ပွဲတော်ကျင်းပရေးကော်မတီများကို ဖွဲ့စည်းထားပြီး ဖြစ်သည်။ ဗုဒ္ဓပူဇနီယပွဲတော်လာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများအတွက် ပို့ဆောင်ရေး၊ လုံခြုံရေးနှင့် တည်းခိုရေးမှ အဆင်ပြေစေရန် စီမံဆောင်ရွက်ထားကြောင်း သိရသည်။ **(၁၆၈)**

# စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး မဟာအောင်မြေ၌ ဆွေးနွေး

မန္တလေး အောက်တိုဘာ ၁၂

**ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ၊ စာအုပ်စာစောင်များ လှူဒါန်းပွဲနှင့် စာဖတ်အများဆုံးဆု ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၅ရက် နံနက် ၉နာရီက မဟာအောင်မြေမြို့နယ် မဟာမြိုင်၂ရပ်ကွက်ရှိ မြတ်ရတနာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပသည်။**



အခမ်းအနားသို့ မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်း၊ မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်သန်းနှင့် ဝန်ထမ်းများ၊ မြတ်ရတနာ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးကူးမောင်နှင့် ကော်မတီဝင်များ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် မန္တလေးတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများကို ဆွေးနွေးပြောကြားပြီး စာအုပ်၊စာစောင်များကို လက်ထောက်ညွှန်ကြားရေးမှူးက စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌထံ ပေးအပ်သည်။ **(အပေါ်ပုံ)** ထို့နောက် မြို့နယ်ဦးစီးမှူးဒေါ်မြင့်မြင့်သန်းက စာဖတ်အများဆုံးဆုရ ဦးတိုးတိုးဝင်းနှင့် စာကြည့်တိုက်မှူး ဦးတိုးလွင်တို့အား ဆုများပေးအပ်ပြီး စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မြို့နယ် သတင်းများ

# အခြေခံမီးသတ် မွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

*မိတ္ထီလာ အောက်တိုဘာ ၁၅*

***အခြေခံ မီးသတ် (အခြေခံ စစ်ပညာရပ် လက်နက်ပါ) မွမ်းမံသင်တန်း အမှတ်စဉ် (၂/၂၀၀၇) ဆင်းပွဲ အခမ်းအနားကို မန္တလေးတိုင်း မိတ္ထီလာမြို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ အောက်တိုဘာ ၁၂ရက် ညနေ ၅ နာရီက ကျင်းပသည်။***

***အခမ်းအနားသို့ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချို၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ဒုတိယ ဦးစီးမှူး ဦးကျော်ဆန်းနှင့် အဖွဲ့ဝင်များ၊ မြို့ပေါ်ရှိ ရပ်ကွက် ဥက္ကဋ္ဌများနှင့် သင် တန်း သားများ တက် ရောက် ကြသည်။***

***ရှေးဦးစွာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးခင်မောင်ချိုက သင်တန်းသား ၃၅ ဦးတို့အား သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။*** *(၃၅၈)*

# တိုးမြစ်အတွင်း ငါးမျိုးစုံ ၅၇သိန်း စိုက်ထည့်

**မအူပင် အောက်တိုဘာ ၁၂**

ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ငါးသယံဇာတ တိုးပွားရေး၊ ငါးထုတ်လုပ်မှုတိုးတက်စေရေးနှင့် ကျေးလက်ဒေသနေပြည်သူများ ငါးစားသုံးမှု ပိုမိုစေရန်အတွက် စက်တင်ဘာ ၂၉ ရက် နံနက်၈နာရီက မအူပင်မြို့နယ် မင်းဧရာတံတားပေါ်မှ တိုးမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပသည်။

**စိုက်ထည့်**

အခမ်းအနားသို့ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဌေးဝင်း၊ မအူပင်မြို့နယ် ဥက္ကဋ္ဌ ဦးဘိုထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မအူပင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးတင်ထွန်းအောင်၊ ပသွယ်၊ တလုပ်လုနှင့် အောင်ဟိတ်ကျေးရွာတို့မှ ငါးသားပေါက်စခန်းတာဝန်ခံများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်၍ မအူပင်မြို့ တိုးမြစ်အတွင်း စုပေါင်းငါးမျိုး စိုက်ထည့်ပေးကြသည်။

တိုးမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲတွင် ငါးမြစ်ချင်း၊ ငါးခုံးမ၊ တီလားပီးယား ငါးမျိုးကောင်ရေစုစုပေါင်း ငါးဆယ့်ခုနစ်သိန်းကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **(၄၂၁)**



# အုတ်တွင်းမြို့နယ်၌ ရေသိုးဆည်ပိုလျှံရေဖြင့် အသေးစား ရေအားလျှပ်စစ်လည်ပတ်

**အုတ်တွင်း အောက်တိုဘာ ၁၃**

ရေသိုးဆည်ပိုလျှံရေဖြင့် ကိုယ့်အားကိုယ်ကိုး အသေးစားရေအားလျှပ်စစ် စတင်လည်ပတ်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂၇ရက် နံနက် ၉နာရီက အုတ်တွင်းမြို့နယ် ပေါက်တောကျေးရွာအုပ်စု ပေါက်ကုန်းကျေးရွာ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ အုတ်တွင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးလှမောင်တို့ တက်ရောက်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဆည်မြောင်းတာဝန်ခံ ဦးဘိုနီနှင့် ပေါက်တောရပ်ကွက်ဥက္ကဋ္ဌ ဦးလေးဝင်းတို့က မီးခလုတ်နှိပ်၍ လျှပ်စစ်ဓာတ်အားစလွှတ်ပေးသည်။ အဆိုပါရေအားလျှပ်စစ်မှ (S.K.V)နှစ်လုံးဖြင့် အိမ်ခြေ၃၅လုံးနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်းတို့တွင် နေ့ညမီးရရှိပြီဖြစ်ကြောင်း သိရသည်။ **(၃၁၆)**



**မြောင်းမြမြို့ အမှတ်(၂)ရပ်ကွက်(၄)လမ်း ရေစက်ရေစစ်ကန်တွင် သဲ၊ နုန်း၊ရွှံ့များ ဆယ်ယူခြင်းနှင့် ရေလဲလှယ်ခြင်းတို့ကို စက်တင်ဘာ ၂၂ရက်က အမှုဆောင်အရာရှိ ဦးစိုးဝင်း ကြီးကြပ်မှုဖြင့် လက်ထောက်အင်ဂျင်နီယာ ဦးလှဦးနှင့်ဝန်ထမ်းများ ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



**သာစည်မြို့မဈေးကြီး သန့်ရှင်းသပ်ရပ်မှုရှိရေး၊ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် စက်တင်ဘာ ၂၂ ရက်က စည်ပင်သာယာအဖွဲ့ဝန်ထမ်းများ ဈေးတွင်း၊ ဈေးပြင် သန့်ရှင်းမှုများပြုလုပ်ကြရာသို့ အမှုဆောင်အရာရှိ ဦးမောင်တိုး ကြပ်မတ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်ပြန်/ဆက်)

# ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

**ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ မောမြေဦးပန်းခြံအတွင်း ချုံနွယ်နှင့် ပေါင်းမြက်များ ရှင်းလင်းခြင်း လုပ်ငန်းကို စက်တင်ဘာ၂၂ရက်က အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးညိုဝင်း ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက ရှင်းလင်းတင်ပြစဉ်။**



(မြို့နယ်စည်ပင်)

# အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေး

**မိုင်းယု အောက်တိုဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့ စည်ပင်သာယာရေးအဖွဲ့က ကုန်စုံဆိုင်များတွင် ပိုးသတ်ဆေးနှင့် အစားအသောက်များ ရောနှောရောင်းချမှုမရှိစေရေးနှင့် အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေးမှုများကို စက်တင်ဘာ ၁၂ ရက်က မြို့အုပ်ချုပ်ရေးမှူး၊ မြို့တာဝန်ခံနှင့် ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ စုပေါင်း၍ ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ကြကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**



# ဘိုကလေးမြို့နယ် ဧက ၁၀၀၀ စံပြကွက်အတွင်း ငါးမျိုးစိုက်ထည့်

**ဘိုကလေး အောက်တိုဘာ ၁၂**

ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်မှု၊ ဖျာပုံခရိုင်ငါးလုပ်ငန်း ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဘိုကလေးမြို့နယ် သကံ့ဝကျေးရွာ ဧက ၁၀၀၀ စံပြကွက်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၆ ရက် နံနက် ၉နာရီက လယ်သမားကြီး ဦးထွန်းကြည်၏ လယ်မြေအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးချစ်နှင့် အဖွဲ့ဝင်များ၊ ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးလွင်၊ ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးသိန်းသန်းနှင့် ဝန်ထမ်းများက လယ်မြေဧက ၂၅၀ အတွင်းသို့ ငါးခုံးမကြီးကောင်ရေ ၁၂၅၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**

# ပျော်ဘွယ်၌ အခြေခံမီးသတ်တပ်ဖွဲ့ သင်တန်းဆင်း

**ပျော်ဘွယ် စက်တင်ဘာ ၂၀**

ပျော်ဘွယ်မြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အခြေခံမီးသတ်တပ်ဖွဲ့ဝင်များ သင်တန်းဆင်းပွဲကို ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်လှမြင့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးစန်းဌေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်လှမြင့်က အမှာစကားပြောကြားပြီး မီးသတ်တပ်ဖွဲ့ကို လိုက်လံစစ်ဆေးသည်။ သင်တန်းသို့ ရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသား၇၀ တက်ရောက်ကြသည်။ **(၂၅၀)**



**ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ် တင်လှူပူဇော်ရန်အတွက် အောက်ကြည့်မြင်တိုင်လမ်း အမှတ် ၆၃၉ ဘောဂလမ်း ကြည့်မြင်တိုင်မြို့နယ်နေ ဒုတိယဗိုလ်မှူးကြီး ခင်မောင်အေး-ဒေါ်ယဉ်ယဉ်မေ မိသားစုက ငွေကျပ်တစ်သိန်းကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် အလှည့်ကျ သဘာပတိ ဦးမြသိန်း၊ ဦးစိန်ဦးနှင့် ဦးစောကြိုင်တို့က လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။** (က-ပ)



# ချမ်းအေးသာစံမြို့နယ် အမှတ်(၁)အထက်တန်းကျောင်း ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဟောပြော

**မန္တလေး အောက်တိုဘာ ၁၀**

၂၀၀၇ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ဟောပြောပွဲနှင့် ဆရာကန်တော့ပွဲကို အောက်တိုဘာ ၅ရက် နံနက် ၁၁နာရီက အောင်မြေသာစံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အောင်ရာဇာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးရဲမြင့်က အမှာစကားပြောကြားပြီး ဆရာဦးစိုးဝင်းက ကမ္ဘာ့ဆရာများနေ့အကြောင်း ဟောပြော၍ အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသားများက ဆရာ ဆရာမများကို ရှိခိုးကန်တော့ကြရာ**(အပေါ်ပုံ)** ကျောင်းအုပ်ဆရာကြီးက ဆုတောင်းမေတ္တာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(၁၆၂)**



**မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လွတ်လပ်ရေးပန်းခြံ သာယာလှပရေးအတွက် အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးထားမှုကို အောက်တိုဘာ ၁၀ ရက်က စည်ပင်သာယာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်နှင့် မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်တို့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်နုက ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# ခြင်၊ယင်များ မပေါက်ပွားရေး ဖားကန့်မြို့၌ ဆောင်ရွက်

**ဖားကန့် အောက်တိုဘာ ၁၀**

ဖားကန့် မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန် စေရေးနှင့် ခြင်၊ ယင်များ မပေါက်ပွားရေးအတွက် အောက်တိုဘာ ၄ ရက်က ၄က်ပျောတောရပ်ကွက်အတွင်းရှိ ဗျူဟာကုန်းအဆင်း လမ်းတစ်လျှောက်နှင့် မြို့မရပ်ကွက်အတွင်းရှိ ရေမြောင်းများအတွင်း အမှိုက်များ၊ နုန်းများ ရှင်းလင်းခြင်း လုပ်ငန်းကို ဒုတိယဦးစီးမှူး ဦးတင်မောင်ထွေး ဦးဆောင်သော ဝန်ထမ်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

# အင်းတော်မြို့နယ်၌ ယာဉ်မတော်တဆမှုကြောင့် တစ်ဦးသေဆုံး

**အင်းတော် အောက်တိုဘာ ၆**

အင်းတော်မြို့နယ် လက်ပန်ကုန်းကျေးရွာတွင် ယာဉ်မတော်တဆမှုတစ်ခု စက်တင်ဘာ ၂၉ရက် ညနေ ၃နာရီ ၄၅မိနစ်က ဖြစ်ပွားခဲ့ရာ လူတစ်ဦး သေဆုံးခဲ့သည်။

ဖြစ်ပွားပုံမှာ အင်းတော်-ဗန်းမောက် ကားလမ်းမကြီးပေါ်တွင် သက္ကယ်ကျင်းရွာဘက်မှ အင်းတော်မြို့သို့ အင်းတော်မြို့နယ် နားရခေါင်ကျေးရွာနေ ယာဉ်မောင်းပွားအောင် မောင်းနှင်လာသည့် အဝါရောင် ခြောက်ဘီး အီစူဇူး (ဂျပန်)ယာဉ်အမှတ် ဆ/၃၉၀၁ သည် လက်ပန်ကုန်းရွာ ဘုန်းတော်ကြီးကျောင်း ငွေအလှူခံဌာနနှင့် ညောင်ပင်ကြီးအနီးအရောက်တွင် ချမ်းဝေဦး(ခ) လွှမ်းအောင်ဖန် အသက်(၂၃)နှစ်အား နောက်မှဝင်တိုက်မိပြီး ယာဉ်၏လက်ဝဲဘက် နောက်ဘီးဖြင့် ကြိတ်မိကာ နေရာတွင် သေဆုံးသွားခဲ့သည်။

၎င်းယာဉ်တိုက်မှုကို အင်းတော်ရဲစခန်းမှ ဒုတိယရဲအုပ်ကျော်ငြိမ်းနှင့်အဖွဲ့များ သွားရောက်စစ်ဆေးပြီး ယာဉ်မောင်းပွားအောင်အား အင်းတော်ရဲစခန်းက (ပ)၁၉၁/၂၀၀၇ ပုဒ်မ၃၀၄(က)ဖြင့် ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ **(၁၃၃)**



**ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချို အောက်တိုဘာ ၁၈ရက်က မြစ်ကြီးနားမြို့ လမ်းလယ်ကျွန်း သာယာ လှပ သန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် ပန်းများ ဝေဆာစွာပွင့်ဖူးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (ပြည်နယ်စည်ပင်)

# အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ မြင်းမူ၌ကျင်းပ

*မြင်းမူ အောက်တိုဘာ ၈*

*အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီက မြင်းမူမြို့ အောင်ဇေယျရပ်ကွက် ချမ်းသာဘိုးဘွားရိပ်သာ ဓမ္မာရုံ၌ ကျင်းပသည်။*

*ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက အမှာစကား ပြောကြားပြီး ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းက ဘိုးဘွားရိပ်သာ ဖြစ်ပေါ်လာပုံနှင့် အဘိုး၊ အဘွားများ ပြုစုစောင့်ရှောက်မှုများကို ရှင်းလင်းပြောကြားသည်။*

*ထို့နောက် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ချမ်းသာဘိုးဘွားရိပ်သာအတွက်အလှူငွေများ ပေးအပ်လှူဒါန်းရာ ရိပ်သာအုပ်ချုပ်ရေးမှူး ဦးတင်ဝင်းက လက်ခံယူပြီး အဘိုး၊ အဘွားများအား နံနက်စာဖြင့်ကျွေးမွေးပြုစုကြသည်။*

(မြို့နယ် ပြန်/ဆက်)



**ရန်ကုန်တိုင်း တိုက်ကြီး မြို့နယ်၏ မြို့နယ်အဆင့် ကျောင်း ကျန်း မာရေး နည်းပြ ဆင့်ပွား သင်တန်းနှင့် စံပြ ထူးချွန်ဆုရကျောင်းများ ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ၁၆ ရက်က တိုက်ကြီး အထက အနော်ရထာခန်းမ၌ ကျင်းပရာ ကျောင်းကျန်းမာရေး ဆရာဝန် ဒေါက်တာဒေါ်ဝင်းထိက ဆွေးနွေးပို့ချစဉ်။** (က-ပ)

# အဆိပ်သင့်စေသော ကုန်ပစ္စည်းများ မရောင်းရန် စစ်ဆေး

**ရေစကြို အောက်တိုဘာ ၈**

မကွေးတိုင်း ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး(၁)၊(၂) အတွင်း ရောင်းဝယ်ဖောက်ကားမှုပြုကြသော ဈေးဆိုင်များသို့ စက်တင်ဘာ ၂၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးဇော်ဖြိုး ဦးဆောင်လျက် အဖွဲ့ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ကုန်သွယ်လယ်ယာဌာနဝန်ထမ်းများပူးပေါင်း၍ လူကိုအဆိပ်သင့်စေနိုင်သော မသင့်လျော်သည့် ကုန်ပစ္စည်းများ၊ ဆေးဝါးများ မရောင်းချကြရန် လိုက်လံစစ်ဆေးမှုများ ဆောင်ရွက်ကြကြောင်း သိရသည်။ **(၁၅၂)**



ဒေါ်ခင်လှ(၇၅)နှစ် မြောက် မွေးနေ့အလှူ အဖြစ် ရန်ကုန်တိုင်း တောင် ဥက္ကလာပ မြို့နယ်၃(ခ)ရပ်ကွက် ရှုခင်းသာလမ်း အမှတ် ၁၉နေ ဒေါ်ခင်လှနှင့် သားသမီး၊ မြေးတစ်စု က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော် ကြီး၏တိပိဋကတိုးချဲ့ ခြောက် ထပ် ကျောင်း တော်ကြီး အတွက် အလှူငွေကျပ်သုံးသိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## ကျောက်ဆည်မြို့လုံးကျွတ် ဗုဒ္ဓဒေသနာ ရွတ်ဆိုပူဇော်ပြိုင်

ကျောက်ဆည် အောက်တိုဘာ ၁၅

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်လုံးကျွတ် ဗုဒ္ဓဒေသနာတော် ရွတ်ဆိုပူဇော်ပြိုင်ပွဲ အခမ်းအနားကို အောက်တိုဘာ၆ရက် နံနက်၇နာရီက ကျောက်ဆည်မြို့ သီရိသာသနာ့ဗိမာန်၌ ကျင်းပသည်။

အခမ်းအနားတွင် ပရိသတ်တို့က နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန့်တော့၍ဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဉာဏာနန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သူက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တပါမောက္ခက ပြိုင်ပွဲဝင်စည်းကမ်းများနှင့် ပြိုင်ပွဲအစီအစဉ်များကို ဖတ်ကြားရှင်းလင်းတော်မူကာ ဗုဒ္ဓဒေသနာတော် ရွတ်ဆိုပူဇော်ပွဲပြိုင်ပွဲသို့ ဝတ်အသင်း ၁၃ သင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

**သာယာဝတီမြို့ ဘူတာလမ်း ကတ္တရာထပ်ပိုးလွှာခင်းရန် ကျောက်များ စုဆောင်းထားရှိမှုကို ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် အဖွဲ့ စက်တင်ဘာ၁၃ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းဇော်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



## ညောင်တုန်း ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်စည်းဝေး၊ ဆုချီးမြှင့်

ညောင်တုန်း စက်တင်ဘာ ၂၅

**ညောင်တုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၇)အခမ်းအနားကို စက်တင်ဘာ ၈ ရက်က ညောင်တုန်းမြို့နယ်အသင်းရုံး၌ ကျင်းပသည်။**




အခမ်းအနားတွင် သဘာပတိ ညောင်တုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်တင်နှင့် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသက်လင်းတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် သဘာပတိ မြို့နယ်အသင်းနာယကဦးညွန့်တင်နှင့် တာဝန်ရှိသူများက ငါးဘာသာဂုဏ်ထူးရှင် မောင်ကျော်နိုင်စိုး **(ယာပုံ)**နှင့် ဂုဏ်ထူးရထူးချွန် ကျောင်းသား ကျောင်းသူများ၊ ယဉ်ကျေးမှုစာမေးပွဲဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အလှူရှင်များက ကွန်ပျူတာတစ်စုံနှင့် အလှူငွေများ ပေးအပ်ရာ မြို့နယ်အသင်းအတွင်းရေးမှူး ဦးအောင်မြသန်းက လက်ခံယူသည်။

ဆက်လက်၍ ဒုတိယပိုင်းအခမ်းအနားကိုကျင်းပရာ ကဏ္ဍအလိုက် အစီရင်ခံစာများကို အရန်အမှုဆောင် ဒေါ်စန်းစန်းမြင့်၊ ဒေါ်ဝင်းပပစိုး၊ ဒေါ်ခင်မိုးဝါ၊ ဦးစိုးဝင်းနှင့် ဦးကျော်သူမော်တို့က ဖတ်ကြားတင်သွင်းပြီး မြို့နယ်အသင်းအတွင်းရေးမှူး ဦးအောင်မြသန်းက ရှေ့လုပ်ငန်းစဉ်များကို အတည်ပြုချက်ရယူကာ ဆုံးဖြတ်ချက်များ ချမှတ်ကြသည်။ **(ဝ၉၈)**

## သောက်သုံးရေရရှိရေး စိမ့်စမ်းရေသွယ်

ဂန့်ဂေါ အောက်တိုဘာ ၁၄

ဂန့်ဂေါခရိုင် ဆောမြို့တွင် စိမ့်စမ်းရေသွယ်စနစ်ဖြင့် မြို့ပေါ်ရပ်ကွက်များ၌ ရေပေးဝေရေးဆောင်ရွက်ထားရှိရာ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရေပိုက်လိုင်းများ အသစ်တပ်ဆင်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းလှိုင်ဦးနှင့် အင်ဂျင်နီယာဦးကျော်လင်းနိုင်တို့ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(၂၇၃)**

## ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)

## ရန်ကုန်အဝေးသင်တက္ကသိုလ်

## e- Education Learning Centre

## သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

**(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ**

**(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ**

၂၂-၁၀-၂၀၀၇ **(တနင်္လာနေ့)**

- ❑ Psycholinguistics (3,4,5)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ❑ Error Analysis (1,2,3)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၃-၁၀-၂၀၀၇ **(အင်္ဂါနေ့)**

- ❑ Asking For and Giving Direction
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ❑ Making Offers and Request I+II
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ❑ Making Suggestions
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၄-၁၀-၂၀၀၇ **(ဗုဒ္ဓဟူးနေ့)**

- ❑ Making Comparison
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ❑ Developing Reading Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၅-၁၀-၂၀၀၇ **(ကြာသပတေးနေ့)**

- ❑ Talking About Past Habits
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ❑ Talking About Future Plans and Intentions
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ❑ Talking About Leisure Activities
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၇-၁၀-၂၀၀၇ **(စနေနေ့)**

- ❑ ထားဝယ်လုံချည်
  - ပထမနှစ် အထူးပြုအားလုံး
- ❑ ကိုလိုနီခေတ်မြန်မာစာပေ
  - ပထမနှစ် မြန်မာမှုရေးရာ အထူးပြု
- ❑ ဥမ္မာဒန္တီပျို့လာ ဇာတ်ဆောင်များ၏စရိုက်
  - ပထမနှစ် မြန်မာစာ အထူးပြု
- ❑ ရှေးခေတ်ပုဂံပြည်
  - ပထမနှစ် မြန်မာစာ အထူးပြု
- ❑ Basic Concept of Applied Botany
  - ပထမနှစ် ရုက္ခဗေဒ အထူးပြု
- ❑ Common Vegetables and Their Nutritional Values
  - ပထမနှစ် ရုက္ခဗေဒ အထူးပြု
- ❑ Food, Medicine, Clothing and Shelter for Human
  - ပထမနှစ် ရုက္ခဗေဒ အထူးပြု
- ❑ Organ
  - ပထမနှစ် ရုက္ခဗေဒ အထူးပြု
- ❑ Diversity of Plants
  - ပထမနှစ် ရုက္ခဗေဒ အထူးပြု
- ❑ Botany as a Science
  - ပထမနှစ် ရုက္ခဗေဒ အထူးပြု

၂၈-၁၀-၂၀၀၇ **(တနင်္ဂနွေနေ့)**

- ❑ An Evaluation of Mill's Method of Causal Determination
  - ဒုတိယနှစ် ဒဿနိကဗေဒ အထူးပြု
- ❑ The Study of Contemporary Western Idealism
  - ဒုတိယနှစ် ဒဿနိကဗေဒ အထူးပြု
- ❑ Logical Positivism
  - ဒုတိယနှစ် ဒဿနိကဗေဒ အထူးပြု
- ❑ Truth-Functional Compound Proposition
  - ဒုတိယနှစ် ဒဿနိကဗေဒ အထူးပြု
- ❑ Linguistics
  - ဒုတိယနှစ် အင်္ဂလိပ်စာ အထူးပြု
- ❑ Phonetics
  - ဒုတိယနှစ် အင်္ဂလိပ်စာ အထူးပြု
- ❑ Trees and Erosion (2)
  - ဒုတိယနှစ် အင်္ဂလိပ်စာ အထူးပြု
- ❑ Kittmma Adoptions
  - ဒုတိယနှစ် ဥပဒေပညာ အထူးပြု
- ❑ Law of Contract and Tort II Negligence
  - ဒုတိယနှစ် ဥပဒေပညာ အထူးပြု
- ❑ Transfer of Immoveable Property
  - ဒုတိယနှစ် ဥပဒေပညာ အထူးပြု

## ကမ္ဘာ့ဆရာများနေ့ ကနီမြို့၌ကျင်းပ

ကနီ အောက်တိုဘာ ၁၀

*မုံရွာခရိုင် ကနီမြို့နယ် ပညာရေးမှူးရုံးက ကြီးမှူး၍ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက်၁၀နာရီက ကနီမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ သတ္တမတန်း ကျောင်းသား ကျောင်းသူကလေးများက မြတ်ဆရာသီချင်းကို သီဆို၍ ဖွင့်လှစ်ပေးကြသည်။*

*အခမ်းအနားတွင် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ကဗျာစပ်နှင့် စာစီစာကုံး ပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား မြို့နယ်ဥက္ကဋ္ဌ ဦးကပ်ကျော်၊ မြို့နယ်အဖွဲ့ဝင် ဒုတိယရဲမှူး စိုးအောင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစန်းလွင်ဦး၊ မြို့နယ် ပညာရေးမှူး ဦးကျင်ခန့်ပေါင်နှင့် ကျောင်းအုပ် ဆရာကြီး ဦးဟန်ငွေတို့က ဆုများ ပေးအပ်ကြသည်။*

*ထို့နောက် အခြေခံပညာ အ ထက် တန်း ကျောင်းမှ ဆရာ ဆရာမများက အသက်၇၀ကျော် ဆရာကြီး ဆရာမကြီး ၆ ဦးတို့အား ငွေကျပ် သုံးသောင်းစီဖြင့် လှူဒါန်းကန်တော့ကြသည်။*

*(မြို့နယ် ပြန်/ဆက်)*

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၉ ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက်**

**၂၁-၁၀-၂၀၀၇ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၀း၀၀ သိပ္ပံအကြောင်း သိကောင်းစရာ (နိုင်ငံအချို့ လက်နက်အပြိုင်အဆိုင် ထုတ်လုပ်လာကြတဲ့အကြောင်း- သိပ္ပံမှူးတင်)

၁၁း၁၅ နိုင်ငံစီးပွားလုပ်ငန်းများ (မြန်မာမှုအနုပညာ ကျောက်ဆစ် လုပ်ငန်း)

၁၁း၃၀ မေတို့တွက်တာ အလှကမ္ဘာ (ပွဲတက်ရုံးတက် အပြင်ထွက်ဖို့ အိတ်ကမ္ဘာလေးဆီ သွားကြစို့)

၁၁း၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မောင်မုန်းရက်ရင် မုန်းလိုက်ပါ (နိုင်နိုင်မော်)
(၂) ပန်းတမာလား ချစ်သူလား (ခင်မောင်ကြီး)
(၃) ယောကျ်ားမဟုတ်တဲ့အတိုင်း (ခင်နှင်းသက်)

၁၂း၀၀ ကလေးများ၏ ဉာဏ်စမ်းပဟေဠိ

၁၂း၃၀ ဇာတ်လမ်းပမာ နားဆင်စရာ (မေမေပြန်ဖို့ ပြင်ရမယ်)

၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (ဝါလကင်းလွတ် သီတင်းကျွတ်- ဒေါ်စောမုံညင်း)

**ညနေပိုင်း**

၁၆း၁၀ နေ့စဉ်သုံး အီဒီယမ်

၁၇း၀၀ ဟဒယရွှင်ဆေး (လူရွှင်တော် ဦးဇာတ်ဆီ၊ ဦးဇာတ်စံတို့၏ ဟဒယ)

၁၇း၁၅ မြန်မာ့မူဟန် ဇာတိမာန် ဟောပြောချက် (မြန်မာနှင့် ပုံတောင်-ဒေါက်တာသက်လွင်)

၁၇း၃၀ တေးသံရှင်အကြိုက် (ကိုမြသိန်း)

၁၉း၁၅ မြန်မာ့ဓလေ့အစီအစဉ် (ရွာစားကြီး စိန်ဗိုလ်တင့် စီစဉ်တင်ဆက်သော သီတင်းကျွတ်လဘွဲ့)

၂၀း၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)

၂၀း၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မောင့်သက်လယ် (မောင်ကြည်တိုး)
(၂) တစ်လောကလုံး အိပ်ခိုင်း ထားချင်တယ် (မသဲဖြူ)
(၃) လပြည့်ညလေး ခဏပေးပါ (ကိုရဲဝင်း)



**စက်တင်ဘာ ၂၃ ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနီတို့ မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ကျေးလက်လမ်း လုပ်ငန်းဖြစ်သည့် အမြင့်-ညောင်ပင်ဇောက် ကတ္တရာတစ်ထပ်ခင်းခြင်းကို ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)

# ပြည်သူ့သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေသာလီပုဏ္ဏား (ကုန်းချောသွေးထိုးသူ) များ မယုံလေနဲ့ သတိထား

★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား

## ဆန္ဒပြဆူပူကြရာတွင် မည်သူတွေအကျိုးရှိပြီး မည်သူတွေ အကျိုးမဲ့သနည်း

★ **အကြမ်းဖက်ဆူပူမှုကြောင့်–**

ကျောင်းသားကျောင်းသူများ စာသင်ပျက်သည်။

ဈေးသည်များ စီးပွားရေးထိခိုက်သည်။

လက်လုပ်လက်စားများ ဝင်ငွေလျော့သည်။

ခရီးသွားလုပ်ငန်းများ အကြီးအကျယ်ထိခိုက်သည်။

★ **အကြမ်းဖက်ဆူပူမှုကြောင့်–**

ကိုလိုနီနယ်ချဲ့များသာ အကျိုးရှိသည်။

ပြည်တွင်းပြည်ပ အဖျက်သမားများသာ ဒေါ်လာဆုကြေး တစ်ပွေ့တစ်ပိုက်ရရှိသွားကြသည်။